မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၂ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၁၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၇၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တော်ဝင်ပလတ်စတစ်ရက်ထည် အိတ်စက်ရုံ(ကျောက်ဆည်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လမ်း၊ တံတား၊ ဆည်မြောင်းတာတမံနှင့် အိမ်ရာတည်ဆောက်ရေးအတွက် ဘိလပ်မြေအဓိကလိုအပ် စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး ပြုပြင်သင့်သည့်အစိတ်အပိုင်းများကို အမြန်ဆုံးပြုပြင်

စက်မှုဇုန်များ၌ ခေတ်မီသံရည်ကျို ပုံလောင်း ပုံထောင်း ပုံဖိစက်များ တည်ဆောက်ပေးထား ခေတ်မီစက်ရုံများက စက်ပစ္စည်းလိုအပ်ချက်များကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနေ

စက်ပစ္စည်းများကို စက်ရုံတစ်ခုတည်းက ထုတ်လုပ်ဖြည့်ဆည်းခြင်းထက် ညှိနှိုင်းပူးပေါင်းဖြေရှင်းဆောင်ရွက်

နေပြည်တော် မတ် ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၁၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်း ကျောက်ဆည်မြို့၌ ကျင်းပသည့် တော်ဝင်ပလတ်စတစ်ရက်ထည် အိတ်စက်ရုံ (ကျောက်ဆည်) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ဖွင့်ပွဲအပြီးတွင် ဆင်မင်းဘိလပ်မြေစက်ရုံ (ကျောက်ဆည်) နှင့် မကွေးတိုင်းအတွင်းရှိ ဘိလပ်မြေနှင့် ဓာတ်မြေဩဇာစက်ရုံများ၊ ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ဆက်လက်သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၇ ကော်လံ ၁ ●

ပူးရွာရေလှောင်တမံ စီမံကိန်း

စေတုတ္တရာမြို့နယ်ရှိ ပူးရွာရေလှောင်တမံ စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ်လ ၁၉ ရက်)

ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု လူမှုစီးပွားဘဝ မြင့်မားရေးဖော်ဆောင်ပေး

နိုင်ငံတော်က ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်း တန့်ဆည်မြို့ ဒီဂျစ်တယ်လိုင်း ၆၀၀ အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ်လ ၁၆ရက်က ကျင်းပခဲ့သည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူနေမှုဘဝမြင့်မားပြီး ခေတ်မီစွာ နေထိုင်နိုင်ရေးအတွက် လျှပ်စစ်ကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍများကို နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကျေးလက်ဒေသအထိပါ လျင်မြန်စွာ ဆက်သွယ်ပြောဆိုမှုလုပ်ငန်းများကို လုပ်ဆောင်လာနိုင်ပြီဖြစ်သည်။

တစ်နိုင်ငံလုံးတွင် ဆက်သွယ်ရေးကွန်ရက် ချိတ်ဆက်မိစေရန် စနစ်တကျ ကြိုးစားဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ အော်တိုအိတ်ချိန်းသစ် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် စစ်ကိုင်းတိုင်း တန့်ဆည်မြို့မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ အချိန်တိုအတွင်း ဆက်သွယ်ပြောဆိုနိုင်ကြပြီ ဖြစ်သည်။

ဒေသအလိုက် ဆက်သွယ်ရေးလုပ်ငန်းများ အောင်မြင်စွာ တိုးချဲ့ဖွင့်လှစ်လာနိုင်မှုကြောင့် ဒေသခံပြည်သူတို့၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကိစ္စ အများအပြားကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်လာနိုင်ကြသည်။

နိုင်ငံတော်က ဆက်သွယ်ရေးကဏ္ဍ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆက်သွယ်ရေးဆိုင်ရာ သင်တန်းများ၊ အီလက်ထရွန်နစ် အစိုးရလုပ်ငန်းများသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းဆက်သွယ်ရေးဆိုင်ရာ ရက်သတ္တပတ်ပြပွဲများကို စဉ်ဆက်မပြတ် ပြုလုပ်ကျင်းပပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကို ထိရောက်စွာဖော်ဆောင်ပေးနိုင်မည့် ကဏ္ဍဖြစ်ရာ လက်ရှိဖြစ်ထွန်းနေသည့် အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းရင်း တိုးတက်သည်ထက် တိုးတက်အောင် ဆက်လက်ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၂၀ပြည့်နှစ် မတိုင်မီ

ကမ္ဘာ့သက်ကြီးရွယ်အိုဦးရေ နှစ်ဘီလီယံရှိလာမည်

ရောမ မတ် ၁၈

ကမ္ဘာတစ်ဝန်းတွင် သက်ကြီးရွယ်အိုများ အရေအတွက်သည် လာမည့် ၂၀၂၀ပြည့်နှစ်မတိုင်မီ နှစ်ဘီလီယံအထိ ရောက်ရှိလာနိုင်ကြောင်း မတ် ၁၇ ရက်က ထုတ်ပြန်သော ကုလသမဂ္ဂ၏ အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

ဖော်ပြ

ယခုရာစုနှစ် ထက်ဝက်ခန့်၌ပင် အသက် ၆၀ အထက် အသက်အရွယ်ကြီးရင့်သူများ၏ အရေအတွက်သည် လက်ရှိထက် သုံးဆခန့် တိုးမြင့်လာမည် ဖြစ်ကြောင်း၊ ၎င်းအရေအတွက်သည် ကမ္ဘာ့လူဦးရေ ၉ ဒသမ ၂ ဘီလီယံ၏ လေးပုံတစ်ပုံခန့် ရှိနေကြောင်း အဆိုပါအစီရင်ခံစာ၌ ဖော်ပြထားသည်။

တိုးလာနိုင်

လက်ရှိကမ္ဘာ့ လူဦးရေမှာ ၆ ဒသမ ၇ဘီလီယံရှိနေရာ လာမည့် ၄၃နှစ်တာကာလအတွင်း ၂ ဒသမ ၅ ဘီလီယံ တိုးလာနိုင်သည်ဟုလည်း ၎င်းအစီရင်ခံစာ၌ ဆက်လက်ဖော်ပြထားသည်။

ဆက်လက်ဖော်ပြ

ထိုသို့ လူဦးရေ တိုးတက်မှုတွင် အများဆုံး လူဦးရေတိုးမြင့်နိုင်သည့် ဒေသများမှာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများ ဖြစ်ကြောင်းလည်း အဆိုပါ ကုလသမဂ္ဂ၏ အစီရင်ခံစာ၌ ဆက်လက်ဖော်ပြထားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၃၂၀၅ဦး ရှိပြီ

ဘဂ္ဂဒက် မတ် ၁၈

ဘဂ္ဂဒက်မြို့၌ မတ် ၁၅ရက်က လမ်းဘေးဗုံးနှစ်လုံး ပေါက်ကွဲသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က မတ် ၁၆ရက်တွင် ကြေညာသည်။

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း၌ ထိုနေ့က အမေရိကန်စစ်ယာဉ်တန်းအနီးတွင် လမ်းဘေးဗုံးနှစ်လုံး ရှေ့ဆင့်နောက်ဆင့် ပေါက်ကွဲခြင်းဖြစ်ကြောင်း စစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။

အမေရိကန်စစ်ဘက်ယာဉ်တန်းမှာ တိုက်ပွဲပြန်တပ်ဖွဲ့ဝင်များအား တင်ဆောင်လာစဉ် ယင်းသို့ ဗုံးခွဲတိုက်ခိုက်ခံရခြင်း ဖြစ်သည်။

၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံကို ကျူးကျော်ပြီးနောက် ယနေ့အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၂၀၅ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၃-၂၀၀၇ (တနင်္လာနေ့)

၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ ကိုယ့်အပြစ်ကိုယ်ခံရမှာပဲ ကလေးရယ် တရားတော် (အပိုင်း-၁) (အရှင်ဆန္ဒာဓိက ဆရာတော်)
၇း၅၀ လှပဝင့်ထည် မြန်မာ့ကြိမ်ထည်
၈း၁၀ တေးဂီတအစီအစဉ်
၈း၁၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈း၃၀ တေးဂီတအစီအစဉ်
၈း၃၅ ခေတ်မီတိုးတက်တီထွင်ချက် ရေမော်တာ အလိုအလျောက် ထိန်းချုပ်စက်
၉း၀၀ ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ Movie Talk (ဒါရိုက်တာ သီဟကျော်စိုးနှင့် တွေ့ဆုံခြင်း)
၉း၄၅ တေးဂီတအစီအစဉ်
၉း၅၀ မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၁၀း၀၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀ Celebrity Style (ပွင့်နဒီမောင်နှင့် တွေ့ဆုံခြင်း)
၁၀း၄၅ တေးဂီတအစီအစဉ်
၁၀း၅၀ မွန်ရိုးရာဝတ်စားဆင်ယင်မှု
၁၀း၅၅ မိုးလေဝသခန့်မှန်းချက်
၁၁း၀၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)(သဘာဝအသီးအပွင့်တို့နှင့် ပတ်သက်သော ပြဿနာများ)
၁၁း၂၅ တေးဂီတအစီအစဉ်
၁၁း၃၀ လောင်စာစွမ်းအင်အတွက် အားထားရမည့် ခြံစည်းရိုးကြက်ဆူပင်များ
၁၁း၄၅ ဂီတသံစဉ်အလှဆင်(ချိုပြုံး)
၁၂း၀၅ ပြည်တွင်းသတင်းအကျဉ်း
၁၂း၁၅ တန်ခိုးတော်ထင်ရှား ကျိုက္ခမီ ဆုတောင်းပြည့် ရေလယ်ဘုရား
၁၂း၃၀ သစ်ကောင်းတစ်ပင် (ရန်ပိုင်စိုး၊ မောင်ဂဠုန်)
၁၂း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၅၀ တေးဂီတအစီအစဉ်
၁၂း၅၅ မုဒ္ဒန်းရွာမှ သဘာဝလက်ဆောင်
၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆နာရီစာအစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည၇နာရီအထိတစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၅	Man;Utd - Middlesbrough	5-Sports (Live)
၂း၂၈	Tottenham - Chelsea	5-Series (Live)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်၈၀နေ ကျေးဇူးရှင် ဖခင် ဆရာကြီးဦးလှထွန်း (ဓာတုဗေဒ ဆေးတိုက်)အား ရည်စူး၍ သားဦးကျော်ဝင်းနှင့် ဇရာဝဏ်မိသားစုတို့က ဦးကျော်ဝင်း၏(၄၉)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၉-၃-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၄။ ကြည်နူးနားဆင်ပြုံးပျော်ရွှင်
၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၆။ မျိုးချစ်တပ်မတော်
၅း၁၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်တိုင်းကြားက ချစ်လိပ်ပြာ** (အပိုင်း-၂၀)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ မေးမြန်းစူးစမ်း
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) အပိုင်း(၃၀)

အဂ္ဂမဟာပဏ္ဍိတ ဂုဏာပူဇာသဘင် ကျင်းပမည်

ရန်ကုန် မတ် ၁၈

နိုင်ငံတော်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပဲခူးတိုင်း ပြည်မြို့ ရွာဘဲရပ် ရွှေညောင်ပင်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတအား ခေတ္တရာအသင်း ရန်ကုန်မြို့မှ မတ် ၂၈ရက် မွန်းလွဲ၁နာရီတွင် အဂ္ဂမဟာပဏ္ဍိတဂုဏာပူဇာသဘင် ကျင်းပပူဇော်မည်ဖြစ်သည်။ အသင်းသူအသင်းသားများအနေဖြင့် တက်ရောက် ကြည်ညိုပူဇော်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများ ဦးသန်းထွန်း ဖုန်း-၃၇၄၅၃၁၊ ဦးခင်မောင်ဘို ဖုန်း-၆၅၁၉၃၈၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့် (ငြိမ်း) ဖုန်း-၅၂၆၃၄၃၊ ဦးဝင်းမော် ဖုန်း-၂၄၂၁၃၈ နှင့် ဒေါ်ဥမ္မာသန်း ဖုန်း-၂၄၉၀၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ခရိုင်ချင်းဆက် လမ်းအမှတ်(၃) မြို့လှ-ဆင်ဘိုလမ်းပိုင်းတွင် စက်ယန္တရားဖြင့် လမ်းချဲ့ထွင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယခင်က မြစ်ကြောင်းကိုသာ အားထားသွားလာခဲ့ရ ယခု ကုန်းလမ်းဖြင့် ခရိုင်ချင်းဆက်လမ်းကို ဗဟိုပြု၍သွားလာနိုင်

နေပြည်တော် မတ် ၁၈

ကချင်ပြည်နယ် ရွှေကူမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၅ ရက် နံနက် ၇ နာရီတွင် ရွှေကူမြို့မှ မော်တော်ယာဉ်များဖြင့် ရွှေကူလေး ဇက်ဆိပ်ကမ်းသို့ရောက်ရှိကြပြီး ရေယာဉ်ဖြင့်ကူးဖြတ်၍ ကျောက်ကြီး ဇက်ဆိပ်ကမ်းသို့ ရောက်ရှိသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ကြီး ဇက်ဆိပ်ကမ်းမှ ကျောက်ကြီး-မြို့လှ ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၈ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်း-ကသာ-မြစ်ကြီးနား ခရိုင်ချင်းဆက်လမ်း အမှတ်(၃) မြို့လှ-ဆင်ဘိုလမ်းပိုင်း မိုင်တိုင်အမှတ်(၉၅/၁)အနီးရှိ ကသာ-ရွှေကူ-မြစ်ကြီးနားလမ်းဆုံသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက် လမ်းအမှတ်(၃) မြို့လှ-ဆင်ဘိုလမ်းပိုင်းအတိုင်း ဆက်လက်ထွက်ခွာကြရာ မိုင်တိုင်အမှတ်(၉၂/၁)အနီး၌ စက်ယန္တရားဖြင့် လမ်းချဲ့ထွင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရွှေကူမြို့နယ် မိုင်တိုင်အမှတ်(၈၅/၄)ရှိ ပိန်းခွန်ယန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းခန်းမ၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပိန်းခွန်ယန်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွယ်အောန်က ကျေးရွာ၏ စီးပွားရေး၊ လူမှုရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပိုမိုတိုးတက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်ဝန်းလုံး ကျေးလက်ဒေသပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း၊ နယ်မြေဒေသအသီးသီး တည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်မှသာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပြီး ဒေသနေ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေး စသည့် လူမှုရေးကဏ္ဍများလည်း ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသခံ တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးရွာပြည်သူများအတွက် အဝတ်အထည်များကို ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအားလည်းကောင်း၊ ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးအား လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနအတွက် ဆေးပဒေသာပင်အလှူငွေကို တာဝန်ခံသူနာပြုဆရာမအားလည်းကောင်း အသီးသီးပေးအပ်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဖြည့်ဆည်း

ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာကြရာ မိုင်တိုင်အမှတ်(၈၂/၁)အနီးရှိ ရွှေကူမြို့နယ်နှင့် မြစ်ကြီးနားမြို့နယ် နယ်နိမိတ်နေရာသို့ရောက်ရှိကြပြီး တံတားဆောက်လုပ်မည့်နေရာအား ကြည့်ရှုစစ်ဆေးသည်။

ယင်းမှ ဆက်လက်ထွက်ခွာလာရာ မိုင်တိုင်အမှတ်(၇၂/၄)သို့ ရောက်ရှိပြီး ဧရာဝတီမြစ်ရေကြီးပါက ရှောင်ကွင်းသွားလာနိုင်မည့်လမ်းကြောင်းသစ် ဖောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၁၁ နာရီတွင် မံကင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိကြပြီး ကျေးလက်ကျန်းမာရေးဌာန ဧည့်ခန်းမ၌ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) စစ်ကိုင်း-ကသာ-မြစ်ကြီးနားလမ်း၏ ကသာ-မြို့လှ-ဆင်ဘိုအပိုင်း ဖောက်လုပ်မှုအခြေအနေများကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသက်ဝေက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မံကင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မံကင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမတို့အား ဒေသ၏စီးပွားရေး၊ ပညာရေး၊ လူမှုရေး အခြေအနေများကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြင်သာကျေးရွာအနီးရှိ မြင်သာချောင်းသို့ရောက်ရှိကြပြီး တံတားဆောက်လုပ်ရေးအတွက် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဗိုလ်မှူးကြီးသက်ဝေက ရှင်းလင်းတင်ပြသည်။

ဆေးရုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့၌ အသစ်တည်ဆောက်လျက်ရှိသော (၁၆)ခုတင်ဆံ့ဆေးရုံသို့ရောက်ရှိကြရာ နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးကျော်ဝင်းနိုင်က ဆင်ဘိုဆေးရုံနှင့် မံကင်းကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ် ဆောက်လုပ်မှုအခြေအနေနှင့် မြို့တွင်းလမ်းကို ကျောက်စရစ်ခင်းလမ်းအဖြစ် အဆင့်မြှင့် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

အသံလွှင့်စက်ရုံရှိ စက်အဟောင်းနှင့်အသစ် ပေါင်းစပ်ဆောင်ရွက် စက်ရုံအတွင်း မြေလွတ်မြေလပ်များတွင် သီးနှံများတိုးချဲ့စိုက်ပျိုး

ရန်ကုန် မတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြိုဆို

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မွန်းလွဲ ၁ နာရီခွဲတွင် ရေကူးအသံလွှင့်စက်ရုံသို့ ရောက်ရှိလာရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အသံလွှင့်စက်ရုံအစည်းအဝေးခန်းမ၌ အင်ဂျင်နီယာချုပ် ဦးတင်ဝမ်းက ရေဒီယိုအစီအစဉ်များ ထုတ်လွှင့်နေမှု၊ စက်ရုံ၏ လုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှု၊ စက်ရုံဝန်ထမ်းမိသားစုများ၏ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှု၊ စက်ရုံသစ်အတွင်း လေအေးပေးစက်များ တပ်ဆင်ပြီးစီးမှု၊ ရေကူးအသံလွှင့်စက်ရုံရှိ စက်များ၏ လက်ရှိအခြေအနေနှင့် ထပ်မံဝယ်ယူတပ်ဆင်မည့် စက်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရေကူး အသံလွှင့်စက်ရုံ၌ လက်ရှိအသုံးပြုလျက်ရှိသော စက်အဟောင်းများနှင့် ထပ်မံ ဝယ်ယူတပ်ဆင်မည့် လွှင့်စက်ပစ္စည်းအသစ်များကို ပေါင်းစပ်ပြီး တစ်နိုင်ငံလုံး ရေဒီယိုဖမ်းယူနိုင်မှု Cover ဖြစ်အောင် ဆောင်ရွက်မည့် အစီအစဉ်အပေါ် အသေးစိတ် ပြန်လည်ဆွေးနွေးပြီး လိုအပ်ချက်များကို ဖြည့်စွက်မှာကြား၍ အသံလွှင့်စက်ရုံလုံခြုံရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး စက်ရုံဝန်ထမ်းများကလည်း လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန် စီမံဆောင်ရွက်ထားရှိရေး၊ မီးဘေးလုံခြုံရေး စီမံချက်အတိုင်း ဓာတ်တိုက်လေ့ကျင့်မှုများအပြင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် လိုအပ်သည့် ဒေသန္တရအမိန့်များ ထုတ်ပြန်ခြင်း၊ တာဝန်ရှိသူများက ရှင်းလင်းကြပ်မတ်ခြင်းတို့ ဆောင်ရွက်ရေး၊ စက်ရုံအတွင်း မြေလွတ်မြေလပ်များတွင် စိုက်ပျိုးရေး တိုးချဲ့ဆောင်ရွက်ရန် အရာရှိတစ်ဦးကို သီးခြား တာဝန်ပေးအပ်ဆောင်ရွက်ရေး၊ စက်ရုံဝင်းအတွင်း တူးဖော်ထားသော ကန်နှစ်ကန်တွင် ငါးမွေးမြူရေး စီစဉ်ဆောင်ရွက်ရန် စသည်တို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ရေဒီယိုအသံလွှင့်စက်ခန်းကိုလည်းကောင်း၊ စက်ရုံဝင်းအတွင်း စိုက်ပျိုးထားရှိသည့် သီးနှံစိုက်ခင်းများကိုလည်းကောင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးတားလမ်းများ ဆောင်ရွက်ထားရှိမှုနှင့် မီးကြိုးရှို့ထားမှုများကိုလည်းကောင်း၊ ငါးမွေးမြူရေးကန် တူးဖော်ထားရှိမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ညနေပိုင်းတွင် ရေကူးအသံလွှင့်စက်ရုံမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တာဝန်ရှိသူများအားတွေ့ဆုံမှာကြား

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းဖြတ်မြို့နယ် ဝမ်ပုံကျေးရွာအုပ်စု ဝမ်းယမ်းကျေးရွာအနီး၌ နမ့်ပန်ချောင်းဖြတ် ဘေလီတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ်၁၆ရက် နံနက်စနာရီ၄၅မိနစ်တွင် မော်တော်ယာဉ်များဖြင့် တာချီလိတ်မြို့မှ ထွက်ခွာလာကြရာ ကျိုင်းတုံ-တာချီလိတ်ကားလမ်းဘေးရှိ တာချီလိတ်ခရိုင်၏ ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀၀ ပျိုးခင်းအတွင်း ပျိုးပင်များပျိုးထောင်ထားမှုနှင့် လက်ဖက်ပျိုးခင်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြကာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့သည် တာချီလိတ်-မိုင်းဖြတ်-ကျိုင်းတုံလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မိုင်းဖြတ်မြို့ နယ်မြေခံတပ်ခန်းမ ဆောင်၌ ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

သတ်မှတ်ချိန်အမီ

ထိုသို့တွေ့ဆုံရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်အင်ဂျင်နီယာမှူးကြီးဦးသောင်းဌေးက ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ကျိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းဖြတ်နှင့် တာချီလိတ်ခရိုင်များ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီများက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့်လမ်းများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လမ်းများနှင့်တံတားများ ဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ ဆက်လက် ဆောင်ရွက်ရန်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လမ်းများခင်းခြင်း၊ တံတားများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် သတ်မှတ်ချိန်အမီ ပြီးစီးရေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ၁၉၈၈ခုနှစ် မတ်လမှ ၂၀၀၆ခုနှစ် မတ်လအထိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက် လုပ်ရေးလုပ်ငန်းက ၁၉၈၈ခုနှစ် မတ်လကုန်အထိ မြေအမျိုးအစား၊ ကတ္တရာ၊ ကျောက်၊ အမာခံ၊ မြေများဖြင့် စုစုပေါင်း ၇၀၆မိုင် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၆ခုနှစ် မတ်လကုန်အထိ၈၂၁မိုင် ဆောင်ရွက်နိုင်ခဲ့သဖြင့် တိုးတက်မှုလမ်းမိုင်မှာ ၁၁၅မိုင် ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တာဝန်ရှိသူ များအား လမ်းတံတားများ၏ ကြံ့ခိုင်မှုလုပ်ငန်းများကို မိုးမကျမီနှင့် မိုးကျပြီးအချိန်တို့တွင် ဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မိုင်းဖြတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ် ဝမ်ပုံကျေးရွာအုပ်စု ဝမ်းယမ်းကျေးရွာအနီး နမ့်ပန်ချောင်းကို ဖြတ်၍ မိုင်းဖြတ်-မိုင်းခုတ်လမ်းပိုင်းပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်မည့် နမ့်ပန်ချောင်းဖြတ် ပေ၈၀ ဘေလီတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက်ရှင်းလင်းဆောင်၌ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက အကျယ် ၁၂ ပေရှိနမ့်ပန်ချောင်းဖြတ် ပေ၈၀ ဘေလီတံတားတည်ဆောက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသခံ ဝမ်ပုံကျေးရွာအုပ်စု ဝမ်းယမ်းကျေးရွာ ပြည်သူများအားတွေ့ဆုံကာ ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားသည်။

နွေစပါး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် တာချီလိတ်-မိုင်းဖြတ်-ကျိုင်းတုံ လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာကြပြီး လမ်းဘေးဝဲယာ၌ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေသော နွေစပါးစိုက်ခင်းများနှင့် လမ်း၊ တံတားအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းပြည်ပအဖျက်သမားများက နိုင်ငံတော်ကို ဘက်ပေါင်းစုံမှတိုက်နေ ယင်းလုပ်ရပ်များကို ပြည်သူသိရှိအောင် မီဒီယာနည်းဖြင့် ချပြဆွေးနွေးပူးပေါင်းကာကွယ်

ရန်ကုန် မတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ်၁၃ရက် နံနက်စနာရီခွဲက မန္တလေးတိုင်း ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ရောက်ရှိပြီး ရုပ်မြင်သံကြား ပြသခန်းမအတွင်း ပြသထားသော မျိုးချစ်သွေး နံရံကပ်စာစောင်များကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းများ၊ နေ့စဉ်ထုတ် သတင်းစာများ ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီးညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်ခန်းမ၌ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။ **(အပေါ်ယာပုံ)**

မှာကြား

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မန္တလေးတိုင်း ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိ၍ ရုပ်မြင်သံကြားပြသခန်းမအတွင်း ပြသထားသည့် နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးမှု မှတ်တမ်းဓာတ်ပုံများနှင့် နံရံကပ်စာစောင်များကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ခန်းမ၌ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံ၍ ဌာနဆိုင်ရာကိစ္စများကို မှာကြားသည်။

ဆောင်ရွက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မန္တလေးတိုင်း ညောင်ဦး၊ ပျော်ဘွယ်နှင့် ရမည်းသင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများတွင် တာဝန်ရှိသူများအားတွေ့ဆုံ အမှာစကားပြောကြားရာ၌ ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံတော်နှင့် ပြည်သူများကို ကျေးဇူးဆပ်ရာရောက်မည်ဖြစ်ကြောင်း။

စာဖတ်ဝိုင်းများစီစဉ်

မိမိမြို့နယ်အတွင်း ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ရေရှည်ဖွံ့ဖြိုး တိုးတက်အောင် ချမှတ်ပေးထားသော လုပ်ငန်းစဉ် ငါးရပ်နှင့်အညီ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှိပြီးသား စာအုပ်စာစောင်များကို စနစ်တကျဖြင့် စာအုပ်အငှားစနစ်နှင့်အညီ မပျောက်ပျက်အောင်ထိန်းသိမ်းငှားရမ်း သွားရန် လိုအပ်ကြောင်း၊ နွေရာသီ ကျောင်းပိတ်ရက်အတွင်းစာဖတ် ဝါသနာပါသည့် ကျောင်းသူ ကျောင်းသားများကို အုပ်စုငယ်များဖွဲ့၍ ဆွေးနွေးရမည့် ခေါင်းစဉ်များကို ချမှတ်ပေးပြီး တစ်ဦးချင်းက မိမိတို့အမြင်နှင့် ယူဆချက်များကို ပြန်လည်တင်ပြဆွေးနွေးသော ကျေးရွာစာဖတ်ဝိုင်းများကို စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းပိတ်ရက်အတွင်း မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများနှင့် ညှိနှိုင်း၍ နံရံကပ်စာစောင်များ၊ ဝတ္ထု၊ ကဗျာ၊ စာစီစာကုံး၊ ကာတွန်း ပြိုင်ပွဲများ ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

ပူးပေါင်းကာကွယ်

ဝန်ထမ်းများအနေဖြင့် ယနေ့ နိုင်ငံရေးအခြေအနေကိုလည်း မျက်ခြည်မပြတ် လေ့လာသိရှိထားရန် လိုအပ်ကြောင်း၊ ယခုအခါ ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ပြည်တွင်းရှိ နယ်ချဲ့ ဩဇာခံ အဖွဲ့အစည်းများကလည်း နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ တိုက်နေကြကြောင်း၊ ယင်းပြည်ပအားကိုး ပုဆိန်ရိုးများနှင့် အဖျက်သမားများ၏ လုပ်ရပ်များကို ပြည်သူလူထု သိရှိအောင် မီဒီယာနည်းဖြင့် ချပြဆွေးနွေး၍ ပူးပေါင်းကာကွယ်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသွားသည်။

(သတင်းစဉ်)

■ ကျောဖုံးမှ

ထို့နောက် ဒေါ်ခင်ခင်ဝင်းက အခမ်းအနား တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားများ ပြောကြားပြီး ဇန်းမော်ခရိုင်အသင်း၏ မိခင်နှင့်ရင်သွေး ကျန်းမာရေးရိပ်မြုံ အဆောက်အအုံ ဆောက်လုပ်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လှူဒါန်း

ညနေပိုင်းတွင် ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များသည် ဇန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ အဘိုး အဘွားများအား အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုအားပေးပြီး မျက်စိဝေဒနာရှင် အဘိုး အဘွားများအတွက် မျက်မှန်များ တပ်ဆင်လှူဒါန်းကာ အဘိုး အဘွား ၄၀ တို့အား ငွေကျပ် ၃၀၀၀ စီနှင့် အားဆေးများ၊ စားသောက်ဖွယ်ရာများကိုလှူဒါန်းပေးအပ်ကြသည်။

အလှူငွေ

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက ဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌက ဘိုးဘွားများအား တစ်ရက်စာ စားသောက်ရန် ငွေကျပ် ၁၂၀၀၀ ကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံသည်။

ယင်းနောက် ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များသည် အဘိုးအဘွားများ ညနေစာသုံးဆောင်မှုကို ကြည့်ရှု အားပေးသည်။ ဆက်လက်၍ အဖွဲ့ဝင်များသည် ဇန်းမော်မြို့ ညောင်ပင်ရပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းနှင့် ခရိုင်၊ မြို့နယ်အသင်းရုံး ဆောက်လုပ်သည့်နေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက ရေစည် ဝယ်ယူရန်အတွက် အလှူငွေများကို ပေးအပ်ရာ ဇန်းမော်ခရိုင် အသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းဝေကလက်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ဇန်းမော်မြို့ ဘိုးဘွားရိပ်သာရှိ မျက်စိဝေဒနာရှင် အဘိုး အဘွားများအတွက် မျက်မှန်များတပ်ဆင်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ဇန်းမော်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မိခင်နှင့်ရင်သွေး ကျန်းမာရေးရိပ်မြုံ ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက လှူဒါန်းငွေကျပ် သိန်း ၅၀ ကို ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ရန်ကင်းမြို့နယ်)မှ ဝေဘာဂီအထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်နှင့်အလှူငွေပေးအပ်

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ရန်ကင်းမြို့နယ်)မှ အထူးကုဆေးရုံကြီး(ဝေဘာဂီ)မြောက်ဥက္ကလာပမြို့နယ်သို့ ဆေးပဒေသာပင်နှင့် တက်ရောက် ဆေးဝါးကုသမှုခံယူနေကြသော လူနာများအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ တာဝန်ရှိသူများ၊ UNFPA မှ စီမံချက်အရာရှိ ဒေါက်တာ ဒေါ်နီနီခိုင်နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ရန်ကင်းမြို့နယ်) အလုပ်အမှုဆောင်များ၊ အထူးကုဆေးရုံအုပ်ကြီး(ဝေဘာဂီ) မှ ဒေါက်တာ အောင်ကျော်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ရန်ကင်းမြို့နယ်) ဥက္ကဋ္ဌ ဦးစိန်သောင်းက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ အလုပ်အမှုဆောင်အဖွဲ့မှ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်တင်က အလှူငွေကျပ် ငါးသောင်း လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်ဦးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် တာဝန်ရှိသူများ လိုက်ပါပြီး လူနာများကို အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ လှူဒါန်းငွေ စုစုပေါင်း ကျပ် သုံးသိန်း ငါးသောင်း တစ်ထောင်ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အလှူငွေပေးအပ်

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ရန်ကင်းမြို့နယ်)မှ အထူးကုဆေးရုံကြီး (ဝေဘာဂီ) မြောက်ဥက္ကလာပမြို့နယ်သို့ ဆေးပဒေသာပင်နှင့် တက်ရောက် ဆေးဝါးကုသမှုခံယူနေကြသော လူနာများအတွက် အလှူငွေပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်ဦး လက်ခံယူစဉ်။

(မြန်မာ့အလင်း)

မိုးလေဝသအခြေအနေ

၁၉-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးနှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဂျွန်ဆင်၏ ပွဲသိမ်းဂိုး အာဆင်နယ်ကို ရှုံးနိမ့်စေခဲ့

သတင်းမြင်ကွင်း – မြင့်ခိုး

လန်ဒန် မတ် ၁၈

ပရီမီယာလိဂ်ပွဲစဉ်(၃၀)အဖြစ် အက်စ်တွန်ဗီလာအသင်းနှင့် လီဗာပူးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသော်လည်း ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်။

လီဗာပူးတို့ အဝေးကွင်း၌ အကြိတ်အနယ် ကစားခဲ့သော်လည်း တိုက်စစ်တွင် ဒက်ကွတ် အပိုင်ကန်သွင်းခွင့်များလွဲချော်ခဲ့၍ ရမှတ်သုံးမှတ်နှင့် လွဲခဲ့ရသည်။ အက်စ်တွန်ဗီလာက အိမ်ကွင်းအားသာချက်ဖြင့် ရမှတ် တစ်မှတ်ကို ကာကွယ်လိုက်နိုင်သည်။ သို့သော်လည်း လီဗာပူးတို့ အမှတ်ပေးဇယား စတုတ္ထနေရာတွင် ဆက်ရှိနေပြီး ရမှတ် ၅၄ မှတ် ရထားသည်။



အဲဗာတန်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးသွင်းပေးသူ ဂျွန်ဆင်နှင့် အာဆင်နယ်ဂိုးသမား လေးမန်းတို့ ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ (အင်တာနက်)

အာဆင်နယ်ရှုံးနိမ့်

အာဆင်နယ်အသင်းသည် အဲဗာတန်အိမ်ကွင်း၌ ဂျွန်ဆင်၏ ပွဲသိမ်းဂိုးကြောင့် ရှုံးနိမ့်မှုနှင့် ကြုံရပြန်ပြီဖြစ်သည်။ အာဆင်နယ်တို့ အဝေးကွင်း၌ အကောင်းဆုံး ထိုးဖောက်ကစားသော်လည်း အဲဗာတန်နောက်တန်း ခံစစ်မှူးများကို မကျော်နိုင်၍ ဂိုးသွင်းခွင့်များ ဆုံးရှုံးခဲ့ရသည်။

အာဆင်နယ်အသင်းသည် တစ်ပွဲလျော့ကစားကာ မန်ယူနှင့် ချယ်လ်ဆီးတို့နောက်မှ ရမှတ် ၅၅ မှတ်ဖြင့် တတိယနေရာမှ လိုက်နေသည်။

ချာလ်တန်နိုင်

ချာလ်တန်အသင်းသည် အိမ်ကွင်း၌ နယူးကာဆယ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ ယင်းပွဲ အနိုင်ရလိုက်သဖြင့် ချာလ်တန်တို့ တန်းဆင်းဇုန်မှ လွတ်မြောက်ရေးအတွက် အခွင့်အလမ်းတစ်ရပ်ရရှိသွားသည်။ သို့သော်လည်း ချာလ်တန်အသင်းသည် တန်းဆင်းဇုန်အတွင်း၌ ဆက်ရှိနေဆဲဖြစ်သည်။

(အင်တာနက်)

စက်ခေါင်းသစ်တည်ဆောက်မှု အောင်မြင်ချောမွေ့ရေး အပိုင်းလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းများ အားကြိုးမာန်တက်ကြိုးပမ်း

အင်းစိန်စက်ခေါင်းစက်ရုံ၏ သမိုင်းသစ်မှတ်တိုင်ကိုစိုက်ထူ

ရန်ကုန် မတ် ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်သည် မတ် ၁၆ ရက် နေ့လယ်ပိုင်းက မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ (အင်းစိန်)သို့ ရောက်ရှိပြီး စက်ခေါင်းသစ်များ တည်ဆောက်နိုင်ရေး စက်ရုံဝန်ထမ်းများ၊ အရာရှိနှင့် ကြီးကြပ်ရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး စက်ခေါင်းသစ်တည်ဆောက်မှုအောင်မြင်ချောမွေ့ရေးအတွက် မိမိတို့အပိုင်းလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို အားကြိုးမာန်တက် ကြိုးပမ်းကြပြီး အင်းစိန်စက်ခေါင်းစက်ရုံ၏ သမိုင်းသစ်မှတ်တိုင်ကိုစိုက်ထူကြရန် မှာကြားသည်။

ရှင်းလင်းမှာကြား

ဒုတိယဝန်ကြီးသည် စက်ခေါင်းစက်ရုံ(အင်းစိန်)မှ အထွေထွေမန်နေဂျာ ဦးစောဗယ်လင်တိုင်း၊ အရာထမ်းနှင့် ကြီးကြပ်ရေးဝန်ထမ်းများအားတွေ့ဆုံ၍ စက်ခေါင်းတည်ဆောက်ရေး ရည်မှန်းချက်များနှင့် နည်းပညာဖလှယ်ရေးဆိုင်ရာများ၊ ပြည်တွင်း၌ အစိတ်အပိုင်းများ တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးကိုမထိခိုက်ဘဲ ကုန်ကျစရိတ်လျှော့ချရေး နည်းလမ်းများကို ရှင်းလင်းမှာကြားပြီး အသေးစိတ် ဆွေးနွေးညှိနှိုင်းကြသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် တရုတ်နိုင်ငံမှ ရောက်ရှိနေသော စက်ခေါင်းတည်ဆောက်မှုပညာရှင်များအား မိမိတို့စက်ခေါင်း တည်ဆောက်မှုများကို လိုက်လံပြသပြီး**(အပေါ်ပုံ)** နည်းပညာဆိုင်ရာများ ညှိနှိုင်းဆွေးနွေးကြောင်း သိရသည်။

(သတင်းစဉ်)

အောင်စကြာ ဘဒ္ဒန္တစန္ဒသူရိယ တရားပွဲ

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် မတ် ၂၄၊ ၂၅ ရက် ညများတွင် မင်္ဂလာဒုံမြို့နယ် စံပြလေးထောင့်ကန်ကျေးရွာ၊ ၂၆ ရက်ညတွင် ကျောက်တန်းမြို့ ကျိုက်ပြာသာဒ်တနော်ဘုရား၊ ၂၇ ရက်ညတွင် သုံးခွမြို့နယ် အနောက်ကျေးရွာ ဗုဒ္ဓပူဇာသဘင်၊ ၃၀ ရက် ညတွင် ကမ်းနားလမ်း သန်လျင်မြို့ဟောင်း အလယ်ရပ်ကွက်၊ ၃၁ ရက်ညတွင် ကမာရွတ်မြို့နယ် (၅)ရပ်ကွက် ဆင်မလိုက် အုန်းတော ဆရာစံလမ်းမ၊ ဧပြီလ ၂၊ ၃ နှင့် ၄ ရက် ညများတွင် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာ ကိုးဆူဘုရားကြီး ဗုဒ္ဓပူဇနိယပွဲ၊ ၅ ရက် ညတွင် မင်္ဂလာတောင်ညွန့်မြို့နယ်စံပြ ဖဆပလရပ်ကွက်၊ ၆ရက်ညတွင် ကျောက်တန်းမြို့ စံချိန်မီရပ်ကွက်၊ ၈ရက်ညတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) (၅၃)ရပ်ကွက် ဦးဘိုးလှဘုရားဝင်း၊ ၉၊ ၁၀ရက် ညများတွင် ဟင်္သာတမြို့ မေဃဝတီ ပရိယတ္တိ စာသင်တိုက်၊ ၁၂ရက်ညတွင် ကျောက်တန်းမြို့နယ် တံတားမြို့ ကိုသက်လွင်-မမော်မော်လွင်တို့၏အလှူမဏ္ဍပ်၊ ၁၃၊ ၁၄နှင့်၁၅ရက်ညများတွင် နေပြည်တော် ဓမ္မဒါနပွဲ၊ ၁၆ရက် ညတွင် သန်လျင်မြို့နယ် စံပြကရင်ဆိပ်ကျေးရွာ၊ ၁၇ရက်ညတွင် ဒလမြို့နယ် သမ္ဘတကမ်းခြေ၊ ၁၈ရက် ညတွင် လှည်းကူးမြို့ ရိပ်သာရပ်ကွက် စက်သုံးလုံးဓမ္မရိပ်သာ၊ ၁၉၊ ၂၀နှင့် ၂၁ရက် ညများတွင် ညောင်လေးပင်မြို့နယ် သံတံတား စံပြကျေးရွာတို့တွင် နိဗ္ဗာန်လမ်းပြ တရားတော်များ ဟောကြားမည်ဖြစ်ပြီး ဆရာတော် ဖုန်း-၀၁-၂၂၄၆၈၁၊ ၀၉-၅၁-၁၈၅၃၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။**(က-ပ)**

မှော်ဘီမြို့နယ် ဥဿျှမဏ္ဍိုင်နန်းမြို့ပိုင် တံခွန်တိုင်စေတီတော် ရွှေထီးတော်တင်လှူ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်

ရန်ကုန် မတ် ၁၈

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီး ဝနဝါသီဥဿျှမဓမ္မသာမိ မဟာထေရ်မြတ် သီတင်းသုံးတော်မူခဲ့သော ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ဖူးကြီးဒေသ သံသုမာရကုန်းမြေပေါ်၌ တည်ထားပူဇော်သည့် ဥဿျှမဏ္ဍိုင်နန်းမြို့ပိုင် တံခွန်တိုင်စေတီတော်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို မတ် ၁၁ ရက်က အဆိုပါစေတီတော်၌ ကျင်းပသည်။ ရှေးဦးစွာ ပရိသတ်တို့က ဗောဓိရိပ်မြိုင်တောရ ဆရာတော်ဘဒ္ဒန္တကုဏ္ဍာစရိယထံမှ နဝင်္ဂသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ဇယမင်္ဂလ ဗောဓိယာမူလေ ဂါထာကို ရွတ်ဆို၍ လည်းကောင်း၊ အဆိုတော် သင်းသင်းမြတ်က ထူးမခြားနားသီချင်း ခန့်ဖြင့်လည်းကောင်း ပူဇော်ကြသည်။

ဆက်လက်၍ ဖူးကြီးတပ်နယ်မှ ဗိုလ်မှူးကြီး တင်ထွန်းနှင့် စေတီတော်တည် ဆောက်ရေးအဖွဲ့ နာယကများက ရွှေထီးတော်နှင့် ဌာပနာတော်သွင်း ပစ္စည်းများကို ဆရာတော်၊သံဃာတော်များထံ ဆက်ကပ်ကြပြီး **(အပေါ်ပုံ)** အကျိုးတော်ဆောင်ဦးကျော်ဝင်း ဦးဆောင်သောအဖွဲ့က ရွှေထီးတော်နှင့် ဌာပနာတော်သွင်းပစ္စည်းများကို စေတီတော် အထွတ်သို့တင်လှူပူဇော်ကြကာဆရာတော်၊ သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ရွှေမြသာကုန်းဆရာတော် သာသနဓဇ ဓမ္မာစရိယအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါယမိန္ဒ ဟောကြားချီးမြှင့်သော အနုမောဒနာတရားတော်တို့ကို ပရိသတ်တို့က နာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေး ဖားအောက်တောရ အထူးတရားစခန်း

ဖားအောက်တောရ ဆရာတော်ကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအစိဏ္ဏ၏ ဥပနိဿယအတိုင်း အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ(မန္တလေး)နာယကဆရာတော် ဘဒ္ဒန္တကေသရိန္ဒဦးစီးပြီး မဟာသင်္ကြန် နှစ်သစ်ကူး အထူးတရားစခန်းကို ဧပြီ ၁၂ ရက်မှ ၂၁ ရက်အထိ မန္တလေးတောင်ခြေ ဖားအောက်တောရရိပ်သာ၌ ဖွင့်လှစ်မည်ဖြစ်ရာ ဒုလ္လဘရဟန်း၊ ရှင်သာမဏေ၊ သီလရှင်ဝတ်လိုသူများနှင့် တရားဘာဝနာ အားထုတ်လိုသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေ ဖားအောက်တောရရိပ်သာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၂-၃၉၃၇၁ သို့ ဖြစ်စေ စာရင်းပေးသွင်း၍ ဧပြီ ၁၁ ရက်အရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

အင်္ဂပူမြို့တွင် ပန်းအလှပြင်သင်တန်းဖွင့်

ဧရာဝတီတိုင်း အင်္ဂပူ သာယာရေးနှင့် ဖွံ့ဖြိုးရေး ကော်မတီ အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ပန်းအလှပြင် သင်တန်း ဖွင့်ပွဲ အခမ်းအနားကို မတ် ၂ ရက် နံနက်၉ နာရီ က အင်္ဂပူမြို့နယ် အေးချမ်း

ဧရာဝတီတိုင်း အင်္ဂပူ သာယာရေးနှင့် ဖွံ့ဖြိုးရေး လာကြသူများက သိလိုမြို့နယ် အမျိုးသမီးရေးရာ ကောင်စီရုံး အစည်းအဝေး သော အချက်အလက်များအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ခန်းမ၌ကျင်းပရာ မြို့နယ် ကို ဆွေးနွေး မေးမြန်းရာပန်းအလှပြင် သင်တန်း အမျိုးသမီးရေးရာ အဖွဲ့ မြို့နယ် အမျိုးသမီးရေးရာဖွင့်ပွဲ အခမ်းအနားကို မတ် ဥက္ကဋ္ဌ ဒေါ်ငွေးတင့်က အဖွဲ့ ဥက္ကဋ္ဌနှင့် သင်တန်း၂ ရက် နံနက်၉ နာရီ က သင်တန်းဖွင့် အမှာစကား နည်းပြများက ပြန်လည်အင်္ဂပူမြို့နယ် အေးချမ်း ပြောကြားပြီး တက်ရောက် ရှင်းလင်း ဖြေကြားသည်။

အင်းတော်တွင် ကျောင်းဆောင်သစ်အုတ်မြစ်ချ

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် ခရမ်းစပ်ကုန်းအုပ်စု မိုးလှိုင်းကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် အုတ်မြစ်ချပွဲ အခမ်းအနားကို မတ် ၂ရက် နံနက် ၁၀ နာရီက မိုးလှိုင်းကုန်းရွာ အဆိုပါမူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်မည့်နေရာတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွာမိရွာဖများ၊ ကျောင်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

သင်္ကြန် ၁၀ ရက် တရားစခန်းပွဲ ကျင်းပမည်

ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၅) စန္ဒာလမ်းရှိ မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာတွင် ဧပြီ ၈ ရက်မှ ဧပြီ ၁၇ ရက်အထိ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကိုခံယူကာ ကျောင်းတိုက်ပဓာန နာယက ကမ္မဋ္ဌာနာစရိယ အရှင်နန္ဒောဘာသ (ပြင်ဦးလွင်ဆရာတော်)နှင့် အရှင်စန္ဒာဝရ(ဖြူး)တို့က ပဋိစ္စသမုပ္ပာဒ်တရားတော်ကို အခြေခံထားပြီး သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ယောဂီများအနေဖြင့် ဧပြီ ၇ ရက် အရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၈၅-၂၂၁၅၃ သို့ဖြစ်စေ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အသိပညာပေးဟောပြော

မိတ္ထီလာခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က မိတ္ထီလာပညာရေးကောလိပ် ပညာရတနာခန်းမတွင်ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင် ဒေါ်ဝင်းဝင်းကြွယ်က ယဉ်ကျေးမှုနှင့် အမျိုးသမီးငယ်ရွယ်သူတို့ သိကောင်းစရာများကို လည်းကောင်း၊ ခရိုင်အမှုဆောင် ဒေါ်နှင်းနှင်းလှက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာများကို လည်းကောင်း၊ ခရိုင်အမှုဆောင် ဒေါက်တာတင်မာငွေးက တီဘီရောဂါနှင့် ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မိတ္ထီလာ အထွေထွေရောဂါကု ဆေးရုံကြီးမှ ကာလသားရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်ကျော်ထွေးက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီး ရှင်းလင်းဟောပြောကြသည်။

အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း မြို့နယ်အဆင့် အသိပေးရှင်းလင်း

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ မြန်မာနိုင်ငံ အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲကို မတ် ၁ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဥမ္မာအေးက မြန်မာနိုင်ငံတွင် အစုလိုက်ဝက်သက်ကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများ၏ သိလိုသည်များကိုမေးမြန်းရာ ပြန်လည် ရှင်းလင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ရက်က ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အဆောက်အအုံ၌ကျင်းပရာ ရှေးဦးစွာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကျော့ကျော့စံက အမှာစကားပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက မိမိတို့ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုကို အသီးသီး ဆွေးနွေးကြကြောင်း သိရသည်။

ဖလမ်းမြို့ ဖွံ့ဖြိုးရေး အရှိန်အဟုန်မြှင့်

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်မင်းထွန်း ဦးဆောင်မှု၊ အမှုဆောင်အရာရှိ ဦးထလာဟာရဲ၏ ကြီးကြပ်မှုတို့ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ အမက(၂)မှ အိမ်တွင်းမှု ကျောင်းသွားလမ်း ကျောက်ချောခင်းလုပ်ငန်း၊ လူငယ်သင်တန်းကျောင်းလမ်း ကွန်ကရစ်ရေထုတ်မြောင်းလုပ်ငန်း ချယ်ရီလမ်း အုတ်ရေမြောင်း ပြုပြင် တည်ဆောက်ခြင်း၊ ကျေးလက်လမ်း တံတားနှင့် ရေပေးရေးလုပ်ငန်းဖြစ်သော လုံပီးမန်ခဲင်းလမ်း ကျောက်ချောခင်းလုပ်ငန်း၊ ပါးလုံကျေးရွာ သောက်သုံးရေပိုက်သွယ်တန်းခြင်းနှင့် ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို မတ် ၅ ရက်က လုပ်ငန်းရာနှုန်းပြည့် ပြီးစီးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လူထုပညာပေးဆွေးနွေး

ကချင်ပြည်နယ် တနိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် လူထုအသိပညာပေး ဆွေးနွေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က တနိုင်းမြို့နယ် မုန်ဒိန်ရပ်ကွက် သာယာရွှေပြည်သစ် ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ မြို့နယ်ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာစိုင်းထွန်းက ခုခံအားကျဆင်းမှု ကူးစက်ရောဂါ(အေအိုင်ဒီအက်စ်)အကြောင်းနှင့် ကျန်းမာရေးဆိုင်ရာအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဖုန်းနိုင်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို လည်းကောင်း၊ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက စိုက်ပျိုးရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း ဆွေးနွေး ဟောပြောကြသည်။

စုပေါင်း သန့်ရှင်းရေးဆောင်ရွက်

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာဈေးကြီး အပြင်ဘက်တွင် မတ် ၂ ရက်က တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုး၊ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုးနှင့် ဈေးခေါင်းရုံးတာဝန်ခံ ဦးသာထူးတို့ ဦးဆောင်ကြီးကြပ်မှုဖြင့် ဈေးကြီးအပြင်ဘက်ရှိ ရေမြောင်းများအတွင်း အမှိုက်သရိုက်များကို ရုံးဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မပျက်စီးသင့်သည်များကို မပျက်စီးရန်၊ ပစ္စည်း၊ အချိန်၊ လုပ်အား အလေအလွင့်မရှိစေရန် ထိန်းသိမ်းကြပ်မတ် မလိုလားအပ်သည့် မသမာမှုများ မဖြစ်ပွားရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က စီမံဆောင်ရွက်

ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်နှင့် စက်ရုံမှူး ဗိုလ်မှူးကြီးမျိုးဝင်းတို့ တော်ဝင် ပလတ်စတစ်ရက်ထည် အိတ် စက်ရုံ (ကျောက်ဆည်) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြ စဉ်။

(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ရန် ရဟတ်ယာဉ်ဖြင့် နေပြည်တော်မှ ကျောက်ဆည်မြို့သို့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရောက်ရှိရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တက်ရောက်

ထို့နောက် စက်ရုံဖွင့်ပွဲအခမ်းအနားကို နံနက်၈နာရီခွဲတွင် စက်ရုံရှေ့၌ ကျင်းပရာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များနှင့်အတူ မန္တလေးတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ကျောက်ဆည်ခရိုင်နှင့် ကျောက်ဆည်မြို့နယ်တို့မှ တာဝန်ရှိသူများ၊ စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တော်ဝင်ပလတ်စတစ်ရက်ထည်အိတ်စက်ရုံ(ကျောက်ဆည်)စက်ရုံမှူး ဗိုလ်မှူးကြီးမျိုးဝင်းတို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နံ့သာရည်ပက်ဖျန်း

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်တို့ စက်ရုံဆိုင်းဘုတ်ကို နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက်အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံပုံစံငယ်၊ စက်ရုံက ထုတ်လုပ်ထားသည့် ပလတ်စတစ်အိတ် နမူနာများကိုလည်းကောင်း၊ ရက်ကန်းစက်ဌာန၊ အိတ်ဖြတ်စက်၊ ချည်မျှင်ထုတ်စက်၊ ကော်ရေလောင်းစက်၊ တံဆိပ်ရိုက်စက်၊ အိတ်ချုပ်စက်လုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် အတွင်းရေးမှူး(၁)သည် စက်ရုံအတွက် စက်ပစ္စည်းများ ပေးသွင်းသည့် အိန္ဒိယသမ္မတနိုင်ငံ Lohia Starlinger Limitedမှ ပညာရှင်များအား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

တည်ဆောက်ထား

တော်ဝင်ပလတ်စတစ်ရက်ထည်အိတ်စက်ရုံ(ကျောက်ဆည်)ကိုကျောက်ဆည်မြို့၏အရှေ့ဘက် ရှစ်မိုင်အကွာ နွားလည်ကောက် ထုံးကျောက်တောင်အနီး ဆင်မင်းဘိလပ်မြေစက်ရုံဝင်းအတွင်း၌ တည်ဆောက်ထားခြင်းဖြစ်သည်။ စက်ရုံ၏ အကျယ်အဝန်းမှာ ၆ ဒသမ ၂၉ ဧကရှိသည်။

ရည်ရွယ်ချက်

သွင်းကုန်အစားထိုးနိုင်ရန် ပြည်တွင်း၌ ထုပ်ပိုးပစ္စည်းဖြစ်သည့် ပလတ်စတစ်ရက်ထည်အိတ်များ လုံလောက်မှုရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် စက်ရုံကို တည်ဆောက်ခြင်းဖြစ်သည်။

စက်စွမ်းအား

စက်ရုံ၏ စက်စွမ်းအားမှာ တစ်နှစ်လျှင်(၁၉x၂၈)လက်မအရွယ်ရှိ ကီလိုဂရမ် ၅၀ ဝင် ပလတ်စတစ်ရက်ထည်အိတ် ၁၇ သန်း ထုတ်လုပ်နိုင်စွမ်းရှိကြောင်း သိရှိရသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တော်ဝင်ပလတ်စတစ် ရက်ထည်အိတ်စက်ရုံ(ကျောက်ဆည်) ဖွင့်ပွဲအပြီးတွင် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စက်ရုံ၏ဗဟိုထိန်းချုပ်ခန်းသို့ ရောက်ရှိစစ်ဆေးကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဆင်မင်း(၂)စက်ရုံ၏ စက်စွမ်းအားနှင့် ဘိလပ်မြေ လက်ရှိထုတ်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် စက်ရုံရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆင်မင်းဘိလပ်မြေစက်ရုံ(ကျောက်ဆည်) စက်ရုံမှူးကြီး ဦးစိုးတင်က ဆင်မင်းဘိလပ်မြေစက်ရုံ(ကျောက်ဆည်)အောက်ရှိ တစ်နေ့တန် ၄၀၀ ကျ ဆင်မင်း(၁) ဘိလပ်မြေစက်ရုံ၊ တစ်နေ့တန် ၇၀၀ ကျ ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ စက်ရုံနှစ်ရုံ တည်ဆောက်ဖွင့်လှစ်ခဲ့မှု၊ စက်ရုံအလိုက် ရင်းနှီးမြှုပ်နှံမှုများ၊ ၂၀၀၆-၂၀၀၇ ခုနှစ် လအလိုက် ဘိလပ်မြေထုတ်လုပ်နိုင်မှုများ၊ သဘာဝဓာတ်ငွေ့၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် ရရှိမှုများ၊ ဝန်ထမ်းအင်အားအခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်

စာမျက်နှာ ၈ ကော်လံ ၁

တော်ဝင်ပလတ်စတစ်ရက်ထည် အိတ်စက်ရုံ(ကျောက်ဆည်)

- **တော်ဝင်ပလတ်စတစ်ရက်ထည် အိတ်စက်ရုံ(ကျောက်ဆည်)ကို ကျောက်ဆည်မြို့၏ အရှေ့ဘက် ရှစ်မိုင်အကွာ နွားလည်ကောက် ထုံးကျောက်တောင်အနီး ဆင်မင်းဘိလပ်မြေစက်ရုံဝင်းအတွင်း၌ တည်ဆောက်ထားခြင်းဖြစ်၊ စက်ရုံ၏ အကျယ်အဝန်းမှာ ၆ ဒသမ ၂၉ ဧကရှိ၊**
- **သွင်းကုန်အစားထိုးနိုင်ရန် ပြည်တွင်း၌ ထုပ်ပိုးပစ္စည်းဖြစ်သည့် ပလတ်စတစ်ရက်ထည်အိတ်များ လုံလောက်မှုရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်း သစ်များ ပေါ်ပေါက်လာစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခြင်းဖြစ်၊**
- **စက်ရုံ၏ စက်စွမ်းအားမှာ တစ်နှစ်လျှင်(၁၉ x ၂၈)လက်မအရွယ်ရှိ ကီလိုဂရမ် ၅၀ ဝင် ပလတ်စတစ်ရက်ထည် အိတ် ၁၇ သန်း ထုတ်လုပ်နိုင်စွမ်းရှိ။**

19-3 (07) 1 3/19/07, 2:48 PM

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး နိုင်ငံတော်၏စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံထား စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးလာသည်နှင့်အမျှ အခြားစီးပွားရေးကဏ္ဍများလည်း တိုးတက်လာမည်

စာမျက်နှာ ၇ မှ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက စက်ရုံများအတွက် သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားရရှိမှုများ၊ စက်ရုံအလိုက် ကုန်ထုတ်လုပ်မှုတိုးတက်ရေး အားပေးပံ့ပိုး ဖြည့်ဆည်းပေးနေမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းလျက်ရှိ

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ကျောက်ဆည်စက်မှုနယ်မြေပတ်ဝန်းကျင်ရှိ လျှပ်စစ်ဓာတ်အားခွဲရုံများအခြေအနေ၊ ဆင်မင်းဘိလပ်မြေစက်ရုံများအပါအဝင် ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက် အပြည့်အဝရရှိရေး ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးရေ ပေးဝေနိုင်ရေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က မန္တလေးတိုင်း ဆည်တော်ကြီးရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားထုတ်ယူရရှိရေးနှင့် စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက လုပ်ကွက်အသီးသီးမှ သဘာဝဓာတ်ငွေ့ရရှိမှုများနှင့် စက်ရုံများ၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးနိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က သိရှိလိုသည်များကို ထပ်မံမေးမြန်းဆွေးနွေးပြီး လိုအပ်သည်များမှာကြားသည်။

စက်ရုံရှစ်ရုံ

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၏ ဘိလပ်မြေစက်ရုံ(ကျောက်ဆည်) ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဘိလပ်မြေစက်ရုံ(ကျောက်ဆည်)နှင့်စပ်လျဉ်းသည့် အချက်အလက်များနှင့် ဘိလပ်မြေထုတ်လုပ်နိုင်သည့် အခြေအနေများ၊ ကျောက်ဆည်စက်မှုနယ်မြေ၌ အမှတ်(၁)စက်မှုဝန်ကြီးဌာနအနေဖြင့် ဘိလပ်မြေစက်ရုံ(ကျောက်ဆည်)အပါအဝင် စက်ရုံရှစ်ရုံ တည်ဆောက်ပြီးစီးမှု၊ စက်ရုံအလိုက် ကုန်ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်အတွင်း ခင်းကျင်းစီစဉ်ပြသထားသည့် ကျောက်ဆည်စက်မှုနယ်မြေရှိ အပ်ချုပ်စက်ရုံ၊ စက်ဘီးစက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ ဖိနပ်စက်ရုံ၊ ပလတ်စတစ်စက်ရုံ၊ သကြားလုံးစက်ရုံ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဓာတ်မြေသြဇာစက်ရုံ

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် နံနက် ၁၁နာရီခွဲတွင် ကျောက်ဆည်မြို့မှ မကွေးတိုင်း ပခုက္ကူမြို့နယ် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအောက်ရှိ အမှတ်-၂ ဓာတ်မြေသြဇာစက်ရုံ (ကျွန်းချောင်း)သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပခုက္ကူတပ်နယ်မှ ဗိုလ်မှူးချုပ်မောင်မောင်အုန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

သက်တမ်း ၃၆နှစ်

ထို့နောက် စက်ရုံ၌ရှိပ်သာသို့ ရောက်ရှိကြရာ ရိပ်သာခန်းမဆောင်၌ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)ကို ၁၉၇၁ ခုနှစ်က တည်ဆောက်ခဲ့ပါကြောင်း၊ စက်ရုံ၏ သက်တမ်းမှာ ယခုအခါ ၃၆ နှစ်ကျော် ရှိနေပြီဖြစ်ပါကြောင်း၊ စက်ရုံ၏စုစုပေါင်းအကျယ်အဝန်းမှာ ဧက ၂၃၀ရှိပါကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြပြီး စက်ရုံ၏ အရွယ်အစားနှင့် ဓာတ်မြေသြဇာထုတ်လုပ်မှုနည်းစဉ်၊ စက်ရုံ၏ ကုန်ထုတ်လုပ်မှုမြင့်မားစေရေးအတွက် စက်ပစ္စည်းများဝယ်ယူ ဖြည့်တင်းမှု၊ စက်ရုံ၏စက်ပစ္စည်းအစိတ်အပိုင်းအလိုက် လိုအပ်သည်များကို ပြုပြင်တပ်ဆင်ပြီးစီးမှု၊ စက်ရုံ၏ ဝန်ထမ်းအင်အား၊ စက်ရုံ၏ Design Capacity၊ ဓာတ်မြေသြဇာ လက်ရှိထုတ်လုပ်မှုနှင့် စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အပြည့်အဝထုတ်လုပ်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် ပြုပြင်မွမ်းမံသင့်သည့် စက်အစိတ်အပိုင်းများကို အမြန်ဆုံးပြုပြင်၍ ကုန်ထုတ်လုပ်မှုအပြည့်အဝ ထုတ်လုပ်သွားရန် မှာကြားသည်။

စက်ရုံစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် စက်ရုံသို့ သွားရောက်ကြပြီး ပင်မထိန်းသိမ်းရေးအလုပ်ရုံ၌ စက်ရုံက တီထွင်ထုတ်လုပ်ထားသည့် စက်ပစ္စည်းများ၊ အစားထိုးရန် ပြည်ပမှမှာယူထားသည့် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ စက်ရုံကို ကြည့်ရှုစစ်ဆေးကြသည်။

ထုတ်လုပ်မှုတင်ပြ

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ချောက်မြို့နယ် စလေရှိ အမှတ်(၁)ဓာတ်မြေသြဇာစက်ရုံ(စလေ)သို့ ရောက်ရှိကြပြီး ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှတ်(၁)ဓာတ်မြေသြဇာစက်ရုံ(စလေ)၏ စက်စွမ်းအား၊ စက်ရုံ၏လိုအပ်ချက်များကိုပြုပြင်မွမ်းမံရန် စက်ပစ္စည်းများဝယ်ယူခဲ့မှု၊ ရရှိပြီးစက်ပစ္စည်းများတပ်ဆင်ပြီးစီးမှု၊ စက်ရုံ၏ ဝန်ထမ်းအင်အား၊ စက်ရုံ၏ Design Capacity၊ လက်ရှိဓာတ်မြေသြဇာထုတ်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

- ❐ နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စိုက်ပျိုးရေရရှိရေး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ရာ မိမိတို့လက်ထက်တွင် ရေလှောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများကို လိုအပ်သည့်နေရာများ၌ တည်ဆောက်ပေးလျက်ရှိ၊
- ❐ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သော ဓာတ်မြေသြဇာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဓာတ်မြေသြဇာစက်ရုံများ စက်စွမ်းအားပြည့်လည်ပတ် ထုတ်လုပ်နိုင်စေရန် လိုအပ်သည်များကို နိုင်ငံတော်က ဖြည့်ဆည်းပေးပြီးဖြစ်၍ စက်ရုံအလိုက် ပြုပြင်သင့်သည်များကို မြန်မြန်ပြုပြင်ပြီး မြန်မြန်စွမ်းအားပြည့် ထုတ်လုပ်နိုင်အောင် ကြိုးစားဆောင်ရွက်။

စက်ရုံအသီးသီး စက်စွမ်းအားပြည့် ထုတ်လုပ်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေမည့်အပြင် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းမှုကိုပါ အထောက်အကူပြုလာနိုင်မည်ဖြစ်၍ နိုင်ငံသားများ၏ စားရေး နေရေး အဆင်ပြေအောင်ဆောင်ရွက်နေခြင်းဖြစ်။

စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီးမှာကြားရာတွင် စက်ရုံများ၏လက်ရှိကုန်ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်အကြီးအကဲ၏ မှာကြားချက်များနှင့်အညီ မိမိတို့ ဤစက်ရုံသို့ရောက်ရှိလာခြင်းဖြစ်ကြောင်း။

စစ်ဆေးခဲ့

ဤစက်ရုံသို့မလာမီ ကျောက်ဆည်မြို့ရှိ ဆင်မင်း(၂)ဘိလပ်မြေစက်ရုံကိုလည်း ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ ဘိလပ်မြေစက်ရုံ(ကျောက်ဆည်)နှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ကုန်ထုတ်စွမ်းအားအခြေအနေများကိုလည်း သိရှိခဲ့ရကြောင်း၊ ထို့ပြင် ပခုက္ကူမြို့နယ်ရှိ အမှတ်(၂)ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)ကိုလည်း ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း။

အဓိကလိုအပ်

ဘိလပ်မြေသည် နိုင်ငံသူ နိုင်ငံသားများ၏ နေရေး ထိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံနှင့် အိမ်ရာစသည့် တည်ဆောက်ရေးစီမံကိန်းများအတွက်လည်းကောင်း အဓိကလိုအပ်သည့်ဆောက်လုပ်ရေးပစ္စည်းဖြစ်ကြောင်း၊ ထို့ကြောင့် ဘိလပ်မြေစက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးကြောင်း။

အလားတူ နိုင်ငံသူနိုင်ငံသားများ၏စားသောက်ရေးနှင့် စီးပွားရေး တိုးတက်မှုအတွက်လည်း ဓာတ်မြေသြဇာစက်ရုံများ၏ကုန်ထုတ်လုပ်မှုဖြင့် အဓိကအကျိုးပြုနိုင်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး နိုင်ငံတော်၏စီးပွားရေးသည်လည်း စိုက်ပျိုးရေးကိုအခြေခံထားကြောင်း။

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အခြားစီးပွားရေးကဏ္ဍများလည်း လိုက်ပါဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် စိုက်ပျိုးရေရရှိရေး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ မိမိတို့လက်ထက်တွင် ရေလှောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများကို လိုအပ်သည့်နေရာများ၌ တည်ဆောက်ပေးလျက်ရှိရာ မကွေးတိုင်းအတွင်းမှာပင် ဆည်တမံအစုအဖွဲ့များ၊ မြစ်ရေတင် စီမံကိန်းများကို အများအပြားတွေ့ရှိနိုင်မှာ ဖြစ်ကြောင်း။

ပံ့ပိုးပေးလျက်ရှိ

ထို့ပြင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးလာရေးအတွက် အထွက်ကောင်း သီးနှံမျိုးများပြောင်းလဲစိုက်ပျိုးစေခြင်းနှင့် စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရန်အတွက်လည်း ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကြိုးစားဆောင်ရွက်

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သော ဓာတ်မြေသြဇာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဓာတ်မြေသြဇာစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်စေရန် လိုအပ်သည်များကို နိုင်ငံတော်က ဖြည့်ဆည်းပေးပြီးဖြစ်၍ စက်ရုံအလိုက် ပြုပြင်သင့်သည်များကို မြန်မြန်ပြုပြင်ပြီး မြန်မြန်စွမ်းအားပြည့် ထုတ်လုပ်နိုင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စေတနာပေါင်းစပ်

စက်ရုံအသီးသီး စက်စွမ်းအားပြည့် ထုတ်လုပ်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေမည့်အပြင် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းမှုကိုပါ အထောက်အကူပြုလာနိုင်မည်ဖြစ်၍ နိုင်ငံသားများ၏ စားရေး နေရေး အဆင်ပြေအောင်ဆောင်ရွက်နေခြင်းဖြစ်သည်ကို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပွင့်ဖြူမြို့နယ် ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရန် ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးလာရေးအတွက် အထွက်ကောင်းသီးနှံမျိုးများ ပြောင်းလဲစိုက်ပျိုး

သဘောပေါက်ပြီး မိမိတို့၏ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးကို စေတနာဖြင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ခေတ်မီစက်ရုံများ

စက်ရုံအလိုက် လိုအပ်သည့်စက်ပစ္စည်းများကို မိမိစက်ရုံတစ်ခုတည်းက ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းနေခြင်းထက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများဖြင့် ဖြေရှင်းဆောင်ရွက်သွားသင့်ကြောင်း။

မိမိတို့၏ ယနေ့ ထူထောင်ပေးထားသည့် စက်မှုဇုန်များ၌ ခေတ်မီသံရည်ကျို ပုံလောင်း ပုံထောင်း ပုံဖိစက်ရုံများ တည်ဆောက်ပေးထားပြီးဖြစ်ရာ ယင်းခေတ်မီစက်ရုံများက စက်ရုံများ၏ စက်ပစ္စည်းလိုအပ်ချက်များကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်နေပြီဖြစ်ကြောင်း။

ထုတ်လုပ်ပေးနိုင်

ထို့အပြင် အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့အောက်ရှိ စက်ရုံများကလည်း အကြီးစားစက်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်သည့် အခြေအနေများရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ကိုယ်ပိုင်တီထွင်အားထုတ်မှုများဖြင့်သာမက စက်မှုဇုန်များ၊ ဝန်ကြီးဌာနများရှိ စက်ရုံများနှင့်ပါ ပေါင်းစပ်ညှိနှိုင်းပြီး စက်ပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းသွားကြရန် မှာကြားလိုကြောင်း။

ထိန်းသိမ်းကြပ်မတ်

ထို့ပြင် မပျက်စီးသင့်သည်များ မပျက်စီးစေရန်၊ ပစ္စည်းအလေအလွင့်၊ အချိန်အလေအလွင့်၊ လုပ်အားအလေအလွင့်များ မရှိစေရန် ထိန်းသိမ်းကြပ်မတ်ကွပ်ကဲသွားကြရမှာဖြစ်ကြောင်း၊ မလိုလားအပ်သည့် မသမာမှုများ မဖြစ်ပွားရေးအတွက်လည်း တာဝန်ရှိသူအဆင့်ဆင့်က စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

အခါမလပ်ဆောင်ရွက်

မိမိတို့စက်ရုံရှိ စက်ပစ္စည်းများ ရေရှည်ခိုင်ခံ့ရေးအတွက် စက်ရုံမှတာဝန်ရှိသူများအနေဖြင့် စက်များကြံ့ခိုင်ရေးကို စစ်ဆေးခြင်း၊ ပြုပြင်ခြင်းတို့ဖြင့် အချိန်အခါမလပ် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)ဓာတ်မြေဩဇာစက်ရုံ(စလေ)၌ ယူရီးယားဓာတ်မြေဩဇာထုတ်လုပ်နေမှု၊ ထုပ်ပိုးမှုနှင့် သိုလှောင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် စေတုတ္တရာမြို့နယ်သို့ သွားရောက်ကြပြီး အထက်ဗူးရွာ ရေလှောင်တမံစီမံကိန်း ဆောင်ရွက်နေမှုများကို ရဟတ်ယာဉ်ဖြင့် ကြည့်ရှုကြသည်။

ဗူးရွာရေလှောင်တမံ

ထို့နောက် စေတုတ္တရာမြို့မြောက်ဘက် ၁၅ မိုင်ခန့်အကွာ ဗူးရွာအနီး မုန်းချောင်းပေါ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဗူးရွာရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရှင်းလင်းတင်ပြရာ၌ မုန်းချောင်းပေါ်ရှိရေလှောင်တမံ စီမံကိန်းအဆင့်ဆင့်ကို တည်ဆောက်လျက်ရှိရာ စေတုတ္တရာမြို့နယ်၌ မုန်းချောင်း ရေလှောင်တမံဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ပြီးစီးပြီးဖြစ်ပါကြောင်း။

ဆက်လက် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများမှာ ဗူးရွာရေလှောင်တမံ စီမံကိန်း၊ အထက်ဗူးရွာ ရေလှောင်တမံစီမံကိန်းနှင့် ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းတို့ ဖြစ်ပါကြောင်း၊ ဗူးရွာရေလှောင်တမံစီမံကိန်းကို နှစ်စဉ်ပျမ်းမျှ လျှပ်စစ်စွမ်းအား ကီလိုဝပ် နာရီသန်းပေါင်း ၁၉၅ သန်း ထုတ်လုပ်ရန်၊ မုန်းချောင်း ရေလှောင်တမံစီမံကိန်းမှ မူလနှစ်စဉ် ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားအပြင် တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၇၀ ခန့် ထပ်မံတိုးချဲ့ ထုတ်လုပ်နိုင်ရန်၊ ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းမှ မူလနှစ်စဉ် ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားအပြင် တစ်နှစ်လျှင် ကီလိုဝပ် နာရီသန်းပေါင်း ၁၂၀ ခန့် ထပ်မံ တိုးချဲ့ထုတ်လုပ်နိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းအလိုက်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိန်းသိမ်း

ထို့နောက် အတွင်းရေးမှူး(၁)က လုပ်ငန်းများ အချိန်မီပြီးမြောက်ရေးနှင့် ရေဝေရေလဲသစ်တောများ ထိန်းသိမ်းရေးတို့ကို မှာကြားပြီး ရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှတစ်ဆင့် စီမံကိန်းဧရိယာနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုကြသည်။

ဓာတ်အားထုတ်ယူနိုင်

စီမံကိန်းအရ မုန်းချောင်းပေါ်၌ တမံအလျား ပေ ၂၃၁၀၊ တမံအမြင့် ၂၀၅ ပေရှိ ဇုန်အမျိုးအစား မြေသားတမံကို တည်ဆောက်လျက်ရှိသည်။ စီမံကိန်းပြီးစီးပါက ၂၁ မဂ္ဂါဝပ်ရှိ စက်နှစ်လုံးမှ စုစုပေါင်းဓာတ်အား ၄၂ မဂ္ဂါဝပ်လည်း ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဗူးရွာရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်ဖြင့် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။

ကြီးအုံ-ကြီးဝတမံ

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ရာခိုင်နှုန်း ၅၀ ခန့်ပြီးစီးနေပြီဖြစ်သည့် ကြီးအုံ-ကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က ကြီးအုံ-ကြီးဝ စီမံကိန်းသို့ မုန်းချောင်းစီမံကိန်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားရရှိရေး ဓာတ်အားလိုင်း ဆက်သွယ်ပေးမည့် အခြေအနေများကိုလည်းကောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ဘိလပ်မြေ အဆက်မပြတ် ဖြည့်ဆည်းပေးမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ထပ်မံမှာကြားပြီး ရှုရပ်မှ စီမံကိန်းဧရိယာကို ကြည့်ရှုကြသည်။

တည်ဆောက်ပြီးစီးမှု

ဆက်လက်၍ ရေယူအဆောက်အအုံ ဖောက်လုပ်တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ရေလွှဲမြောင်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ ပင်မတမံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ရေလွှဲ

ထို့နောက် ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က လုပ်ငန်းဆောင်ရွက်ချက်နှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

တည်ဆောက်နေ

ကြီးအုံ-ကြီးဝ ရေလှောင်တမံဘက်စုံစီမံကိန်းကို ပွင့်ဖြူမြို့နယ်ရှိ မဲဇလီ ရေလွှဲဆည်အထက်ဘက် ငါးမိုင်ခန့်အကွာ မုန်းချောင်းပေါ်၌ တည်ဆောက် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ကြီးအုံ-ကြီးဝ ရေလှောင်တမံမှာ စိုက်ပျိုးမြေဧက ၉၆၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ် ၇၄ မဂ္ဂါဝပ်ပါ ထုတ်ယူရရှိမည့် ဘက်စုံစီမံကိန်းဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး ညနေပိုင်းတွင် ရဟတ်ယာဉ်ဖြင့် မကွေးမြို့သို့ ရောက်ရှိကြသည်။

တွေ့ဆုံမှာကြား

ညပိုင်းတွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မကွေးမြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တိုင်းရုံးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားသည်။ **(သတင်းစဉ်)**

ဗူးရွာရေလှောင်တမံ

ဗူးရွာရေလှောင်တမံစီမံကိန်းကို နှစ်စဉ်ပျမ်းမျှ လျှပ်စစ်စွမ်းအား ကီလိုဝပ် နာရီသန်းပေါင်း ၁၉၅ သန်း ထုတ်လုပ်ရန်၊ မုန်းချောင်း ရေလှောင်တမံစီမံကိန်းမှ မူလနှစ်စဉ် ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားအပြင် တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၇၀ ခန့် ထပ်မံတိုးချဲ့ ထုတ်လုပ်နိုင်ရန် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်၊

စီမံကိန်းအရ မုန်းချောင်းပေါ်၌ တမံအလျား ပေ ၂၃၁၀၊ တမံအမြင့် ၂၀၅ ပေရှိ ဇုန်အမျိုးအစား မြေသားတမံကို တည်ဆောက်လျက်ရှိသည်။ စီမံကိန်း ပြီးစီးပါက ၂၁ မဂ္ဂါဝပ်ရှိ စက်နှစ်လုံးမှ စုစုပေါင်းဓာတ်အား ၄၂ မဂ္ဂါဝပ်လည်း ထုတ်ယူရရှိနိုင်မည်။

အမျိုးသားရေးလိုအပ်ချက်များအရ သမိုင်းကြောင်းနှင့်ယှဉ်တွဲပြီး တပ်မတော်အစိုးရ ဘာကြောင့်ပေါ်ပေါက်လာရပါသလဲ

ရှေ့နေတစ်ဦး

ဒီမေးခွန်းကို ဘက်လိုက်မှုကင်းပြီး တွေးခေါ်မြော်မြင်မှု၊ ရင့်ကျက်မှုတွေနဲ့ ရဲရင့်ပြတ်သားစွာ ဆုံးဖြတ်ချက်ချပြီး ဖြေကြည့်ကြစမ်းပါ။

ကျွန်တော်ဟာ စာရေးဆရာတစ်ယောက် မဟုတ်ပါ။ ယခုဆောင်းပါးကို ရေးသားရန်စိတ်ကူးရပြီး ဆုံးဖြတ်ချက်ချရခြင်းမှာ "ငါးမင်းဆွေ"ရဲ့ ဆောင်းပါးကိုဖတ်ပြီး ၎င်းရဲ့ မှန်ကန်သောတွေးခေါ်မြော်မြင်မှုကို နှစ်သက်၍ဖြစ်ကြောင်း ဦးစွာဖော်ပြလိုပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၁၉၈၈ခုနှစ်က အင်မတန်မှ အရုပ်ဆိုးအကျည်းတန်တဲ့ အရေးအခင်းပေါ်ပေါက်ခဲ့တာကို တွေ့မြင်ခဲ့ရသူတိုင်း ရှုထောင့် အစုံစုံကနေ ဝေဖန်သုံးသပ်ခဲ့၊ သုံးသပ်ဆဲဖြစ်ပါတယ်။ တကယ်တော့ ဒီအရေးအခင်းရဲ့ အဓိကအကြောင်းရင်းက စက်မှုတက္ကသိုလ်ကျောင်းသားနှင့် အရပ်သားတို့ရဲ့ရန်ပွဲကနေ အုပ်ချုပ်ရေးအမြင်၊ တွေးခေါ်မြော်မြင်မှုအား နည်းပါးတဲ့ ရဲတွေနှင့် ရပ်ကွက်ကောင်စီတွေရဲ့ လုပ်နည်းလုပ်ဟန်မှားယွင်းမှုကြောင့် ဖြစ်ပါတယ်။ နောက်ပိုင်း တဖြည်းဖြည်းနဲ့ မသမာသူတွေရဲ့ အရောင်ဆိုးမှုကြောင့် တစ်ပြည်လုံး ပျံ့နှံ့သွားခဲ့ရပြီး နောက်ဆုံးမှာတော့ တိုင်းပြည်ရဲ့အုပ်ချုပ်ရေးယန္တရားကြီး လုံးဝရပ်တန့်သွားခဲ့ရပါတယ်။ ဘယ်လောက်အထိ ဖြစ်ခဲ့သလဲဆိုရင် ထိုစဉ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ပင်လျှင် တပ်အတွက် လိုအပ်တဲ့ စက်သုံးဆီရရှိရေးအတွက် သပိတ်ခေါင်းဆောင်တွေခန့်ထားတဲ့ ဦးတင်ဦးဆီက ခွင့်ပြုချက်ရယူခဲ့ရမလို ဖြစ်ခဲ့ရတယ်လို့ သိရပါတယ်။ နောက်ပိုင်း သပိတ်အဖွဲ့တွေရဲ့ ဝေစုမတည့် စားခွက်လုရင်း မင်းမဲ့စရိုက်တွေကို ထိန်းမနိုင်သိမ်းမရဖြစ်သွားတဲ့ အနေအထား ရောက်ရှိသွားခဲ့ရပြီး ပြည်သူလူထုအနေဖြင့် ကယ်သူမဲ့ပြီး အတိဒုက္ခရောက်နေချိန်မှာ အမြော်အမြင်ရှိတဲ့ တပ်မတော် ခေါင်းဆောင်ကြီးတွေရဲ့ ဆုံးဖြတ်ချက် မှန်ကန်မှုကြောင့် ပြည်သူအများ အသက်ရှူချောင်ခဲ့ရပါတယ်။ ဘယ်လောက်အထိ ဆိုးရွားခဲ့သလဲဆိုတာကို ဥပမာတစ်ခုလောက် ပြောရမယ်ဆိုရင် တောမှာဓားပြလုပ်နေတဲ့ ဓားပြခေါင်းဆောင်က မြို့ပေါ်မှာတက် သပိတ်ခေါင်းဆောင်လုပ်ပြီး မင်းမူနေတဲ့အထိပါပဲ။ ဒါမော်လမြိုင်မြို့ပေါ်မှာဖြစ်ခဲ့တဲ့ သာဓကပါ။ အလားတူ တစ်ပြည်လုံးမှာလဲ ဖြစ်ခဲ့ပါတယ်။

အရေးအခင်းကာလမှာ ရိုးသားတဲ့ပြည်သူတွေ ဘယ်လောက်အထိ အရောင်ဆိုးခံခဲ့ရသလဲဆိုရင် ပထမပိုင်းကြွေးကြော်သံက "ရရင်ရ-မရရင်ချ"ဆိုပြီး ကြွေးကြော်လာရာက နောက်ပိုင်းမှာ "ရရ-မရရ-ချ" ဆိုပြီး ဖြစ်ခဲ့တယ်။ အမှန်တကယ်ပြောရရင် ဒီမိုကရေစီရဲ့အဓိပ္ပာယ်ကို လူတိုင်းနားမလည်ခဲ့ပါဘူး။ ဒီနေ့အထိလဲ ဒီမိုကရေစီရဲ့အနှစ်သာရကို ဒီမိုကရေစီဘိုးအေလို့ ပါးစပ်က အမြှုပ်ထွက်အောင်အော်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေတောင် သူတို့ကိုယ်တိုင် သေချာစွာနားလည်ခြင်း၊ ကျင့်သားရခြင်း မရှိသေးဘူးဆိုတာ ဝန်ခံရဲတဲ့သတ္တိ မမွေးနိုင်ကြသေးပါဘူး။

နောက်အရေးအခင်းရဲ့ အဓိကအချက်တစ်ချက်ဖြစ်တဲ့ "ပါတီစုံ" ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကို လူတွေသိနားလည်ခဲ့ခြင်း လုံးဝ မရှိခဲ့ပါဘူး။ သိရင်လဲ ဒီစကားလုံးကို ဘယ်လိုသုံးရမှန်း ဘယ်သူမှမသိခဲ့ကြပါဘူး။ မဆလဥက္ကဋ္ဌ ဦးနေဝင်းက ပါတီစုံစနစ်ကြိုက်သလား၊ တစ်ပါတီစနစ်ကြိုက်သလားဆိုတာကို မိန့်ခွန်းထဲ ထည့်သွင်းပြောကြားခဲ့မှသာ လူတွေတစ်ရေးနိုးပြီး သိခဲ့ရခြင်းဖြစ်တာကို ရိုးသားစွာဝန်ခံရဲတဲ့ တတ်သိနားလည်သော ပညာရှင်တွေ ဝန်ခံနိုင်အား ရှိကြပါစေ။

ဒီလိုနဲ့တပ်မတော်အစိုးရတက်လာပြီး ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွေဖွဲ့ဖို့ စတင်လုပ်တဲ့အချိန်မှာ မင်းမဲ့စရိုက်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေက လုံးဝပါဝင်ပတ်သက်လိုခြင်း မရှိပါဘူး။ ဒါကြောင့် ဒီနေရာမှာ ဘယ်သူတွေကို ရွေးချယ်တာဝန်ပေးခဲ့ရသလဲဆိုရင် ခေတ်စကားနဲ့ ပြောရရင် သုံးမရတဲ့"သာကူး"တွေကို အတော်များများထည့်သွင်းအသုံးပြုခဲ့ရပြီး ဒီပုဂ္ဂိုလ်တွေကလဲ အစိုးရကို တာဝန်ခံရမယ့်အစား သွယ်ဝိုက်ပြီး နောက်ဖေးချောင်ကနေ သပိတ်အဖွဲ့အမာခံတွေကို တာဝန်ခံနေခဲ့ပါတယ်။

ဒီလိုနဲ့ တပ်မတော်အစိုးရက နိုင်ငံရေးပါတီတွေ ဖွဲ့စည်းခွင့်ပြုခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အရှိန်အဝါကို အသုံးပြုခဲ့တဲ့ NLD အပါအဝင် ပါတီပေါင်း ၂၀၀ ကျော် ဖွဲ့စည်းခဲ့ပါတယ်။ ရန်ကုန်မြို့ပေါ်မှာ ပါတီဖွဲ့ခဲ့တဲ့ ရည်ရွယ်ချက် (ပါတီအတော်များများ)ကတော့ အစိုးရဆီက ဓာတ်ဆီဝယ်ယူခွင့်၊ တယ်လီဖုန်းတပ်ဆင်ခွင့်ရရေးအတွက် အချောင်နှိုက်လိုတဲ့ သဘောနဲ့ ပါတီဖွဲ့စည်းထူထောင်ခဲ့ခြင်းပါ။ ဒါကိုကျွန်တော်တို့ နယ်မှာရှိတဲ့ လူတွေ လုံးဝမသိခဲ့ပါဘူး။ နိုင်ငံရေးပါတီဖွဲ့စည်းခွင့်ပြုပြီး ဝန်ထမ်းများ နိုင်ငံရေးပါတီနှင့် ကင်းရှင်းစွာနေဖို့ အစိုးရက အမိန့်ထုတ်ပြန်ခဲ့ပါတယ်။ ဘယ်လောက်အထိ ကင်းကင်းနေခဲ့သလဲဆိုရင် အဆင့်မြင့် တပ်မတော် အရာရှိကြီးတွေ နယ်ကိုသွားတဲ့အခါ ယခင်ကလက်တွဲပြီး ရင်းနှီးစွာလုပ်ခဲ့တဲ့ လုပ်ဖော်ကိုင်ဖက်တွေကို ခေါ်ပြောနှုတ်ဆက်ခြင်းတောင်မလုပ်ခဲ့ပါဘူး။ ဒါကျွန်တော့်ကိုယ်တွေ့ဖြစ်ရပ်ပါ။ ဒါပေမယ့်လို့ ဝန်ထမ်းအများစုအပါအဝင် ရဝတအဖွဲ့တွေဟာ ထိုစဉ်က အစိုးရကို တာဝန်ခံခြင်းမရှိဘဲ ပထွေးဖြစ်တဲ့ နိုင်ငံရေးပါတီကို သွယ်ဝိုက်ပြီး သစ္စာခံခဲ့ကြပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ "ဒီမိုကရေစီ"ကိစ္စ အနည်းငယ်တင်ပြလိုပါတယ်။ လက်ရှိတပ်မတော်အစိုးရသာ ဒီမိုကရေစီကျင့်စဉ်အတိုင်း တရားဥပဒေအရ အရေးယူဆောင်ရွက်မယ်ဆိုရင်၊ ရပ်ကွက်/ကျေးရွာတိုင်းမှာ အကျဉ်းထောင်တွေထားပြီး ဖမ်းဆီးချုပ်နှောင်အရေးယူမယ်ဆိုရင်တောင် အကျဉ်းထောင် လောက်မည်မထင်ပါ။ ဒီနေ့အစိုးရကို ကဖျက်ယဖျက်ပြောနေသူတိုင်းဟာ တစ်နည်းနည်းနဲ့ တည်ဆဲဥပဒေကို ချိုးဖောက်ပြီး အကြံအဖန်လုပ်ကိုင်စားသောက်နေကြသူများဖြစ်တာကို ၎င်းတို့ကိုယ်တိုင် အသိဆုံးဖြစ်ပါတယ်။

ဒီနေရာမှာ ဒီမိုကရေစီနိုင်ငံကြီးတစ်ခုရဲ့ ဒီမိုကရေစီကျင့်စဉ် တစ်ခုကို သာဓကအဖြစ် တင်ပြလိုပါတယ်။ အဲ့ဒီနိုင်ငံကြီးမှာ ပုဂ္ဂလိကလက်နက်ကိုင်ဆောင်ခွင့်ကို တရားဝင်ခွင့်ပြုထားလို့ ပုဂ္ဂလိကပိုင်ဆိုင်တဲ့ လက်နက်သန်းပေါင်း၂၂၀ရှိပါတယ်။ လူတစ်ယောက် သေနတ်တစ်လက်ကိုင်ဆောင်ထားသလိုဖြစ်နေပါတယ်။ တချို့ကျောင်းသားလေးတွေ မိဘရဲ့သေနတ်ကို ယူကိုင်ပြီး ကျောင်းတွေမှာ ကောင်းဘွိုင်ဆန်ဆန် ပစ်ခတ်ကြလို့ အပြစ်မဲ့ ဆရာ ဆရာမတွေ၊ ကျောင်းသူကျောင်းသားတွေ ထိခိုက်သေကျေကြရတဲ့ သတင်းတွေ ပလူပျံ့နေပါတယ်။ စာရင်းအင်းဆိုင်ရာ အစီရင်ခံစာတစ်ရပ်မှာ ဖော်ပြထားချက်အရ အဲ့ဒီနိုင်ငံကြီးမှာ နှစ်စဉ်သေနတ်ပစ်ခတ်မှု တစ်သန်း ဖြစ်ပွားခဲ့တယ်။ လူ၂၀၀၀၀ ပစ်ခတ်ခံရတယ်။ လူ၁၀၀၀၀ကျော် အဲ့ဒီသေနတ်တွေနဲ့ သေကြောင်းကြံစည်ခဲ့ကြပါတယ်။ ဤကဲ့သို့သော အခြေအနေမျိုး ကျွန်တော်တို့နိုင်ငံတွင်မရှိပါ။ ပုံတူကူးချပြီး လိုက်လုပ်လို့လဲမရပါ။ အကောင်းအဆိုး အကျိုးအပြစ် ခွဲခြားစိတ်ဖြာနိုင်ရမှာဖြစ်ပါတယ်။ အဓိကဆိုလိုရင်းက ဒီမိုကရေစီဟာ ပုံ့ကုန်ပစ္စည်းမဟုတ်ကြောင်း သိရှိနိုင်ရန် တင်ပြခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၉၀ပြည့်နှစ်က လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပမည်ဟု ကြေညာတဲ့အခါ ပါတီကြီးတွေက သားပုပ်လေလွင့်မျိုးစုံ ပြောခဲ့ကြပါသေးတယ်။ နောက်ဆုံးကျမှ ရွေးကောက်ပွဲဝင်ပြီး ရွေးကောက်ပွဲ အရည်အချင်းပြည့်မီသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သူအများစုဟာ ခါတော်မီ ကိုယ်ကျိုးရှာရန် ရည်ရွယ်သူများဖြစ်ကြောင်း မိမိကိုယ်ကို မိမိ အသိဆုံးဖြစ်ပါတယ်။ ကျွန်တော်လဲ မဲဆန္ဒနယ်တစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်မှုကို အနည်းငယ် ရှင်းပြလိုပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်ပါက ရှုံးနိမ့်မည်ကို ကျွန်တော်ကြိုတင်သိရှိပါတယ်။

သိလျက်နဲ့ဘာကြောင့် ဝင်ပြိုင်ရတာလဲ၊ ဝင်ပြိုင်မှုကြောင့် ဘာတွေနစ်နာသွားသလဲ။ ဘာတွေနစ်နာသွားသလဲပြောရရင် မိန်းမရွှေသုံးကျပ်သားရောင်းလိုက်ရပါတယ်။ ရှုံးမှန်းသိလျက် ဘာကြောင့်ပြိုင်ရတာလဲဆိုရင် ယင်းမြို့နယ်မှာ လွှတ်တော်မဲဆန္ဒနယ် နှစ်နယ်ရှိပြီး အမှတ်(၁)တွင် ၎င်းမြို့နယ်မှ ပါတီကြီး၏ မြို့နယ်ဥက္ကဋ္ဌက ဝင်ရောက်ပါတယ်။ ကျွန်တော်နဲ့ရင်းနှီးသော မိတ်ဆွေဖြစ်သဖြင့် ၎င်းအား အမှတ်(၂)တွင် ဒေသခံတစ်ဦးဦးကို ရွေးချယ်ရန် ပြောသောအခါ ၎င်းအနေဖြင့် မပြီးကြောင်း၊ ပါတီဗဟိုကော်မတီက ဆုံးဖြတ်မည်ဖြစ်ကြောင်း ပြောပါတယ်။ ၎င်းကိုယ်တိုင်ပင်လျှင် ဒေသခံ မဟုတ်ပါ။ ကျွန်တော်လဲ ဒေသမှာလူမရှိဘူးထင်လျှင် မသင့်တော်သဖြင့် ကျွန်တော် တစ်သီးပုဂ္ဂလအနေဖြင့် ဝင်ပြိုင်မည်ဖြစ်ကြောင်း စာရင်းတင်သွင်းလိုက်ပါတယ်။ ကျွန်တော်စာရင်းတင်သွင်းသည့်အချိန်အထိ ၎င်းမဲဆန္ဒနယ်အတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် မည်သူတစ်ဦးတစ်ယောက်၊ မည်သည့်ပါတီမှ စာရင်းတင်သွင်းခြင်းမရှိခဲ့ပါ။ နောက်ပိုင်းကျမှ နာမည်ကြီးပါတီက အခြားပါတီတစ်ခု၏ ကိုယ်စားလှယ်ကို အမည်စာရင်းတင်သွင်းပြီး ရွေးကောက်ပွဲဝင်စေခဲ့ပါတယ်။ ကျွန်တော်လဲ နောက်ပိုင်း မိတ်ဆွေများရဲ့ စည်းရုံးမှုအရ နိုင်ငံရေးပါတီတစ်ခုရဲ့ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ၎င်းနိုင်ငံရေးပါတီက မဲဆန္ဒနယ် သုံးခုပြည့်အောင် ကျွန်တော့်အား စည်းရုံးခဲ့ခြင်းဖြစ်ပြီး ရွေးကောက်ပွဲပြီးသည်နှင့် ကျွန်တော် ၎င်းပါတီမှ ချက်ချင်းနုတ်ထွက်ခဲ့ပါတယ်။

၎င်းပါတီကြီးမှ ၎င်းမဲဆန္ဒနယ်တွင် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလစသည်တို့တွင် နည်းမျိုးစုံသုံးပြီး ရွေးကောက်ပွဲဥပဒေကို ချိုးဖောက်ခဲ့သော်လဲ တာဝန်ရှိသူများက သဘောထားကြီးစွာ ခွင့်လွှတ်ခဲ့သည်ကို ကာယကံရှင်များကိုယ်တိုင် သိကြပါတယ်။

ယနေ့အော်နေသည့် "ပြည်သူလူထုအများစုက ရွေးချယ်တင်မြှောက်ထားသော"ဟူသည့် စကားလုံးကို ပုံဖော်မိစေရန် အနည်းငယ်တင်ပြလိုပါတယ်။ ၎င်းမဲဆန္ဒနယ် ရွေးကောက်ပွဲအကြိုကာလတွင် ၎င်းတို့ကို မဲမထည့်ပါက သပိတ်အရေးအခင်းတွင် မည်ကဲ့သို့ဖြစ်သွားသည်ကို တွေ့သလားဟု ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့ပါတယ်။ ကျေးရွာတစ်ရွာတွင် ၎င်းတို့၏ပါတီကြီး၏ ဆိုင်းဘုတ်တင်သည့် ညတွင်ပင် လုံးဝပျောက်သွားသဖြင့် ဤကဲ့သို့သော ပါတီကြီး၏ဆိုင်းဘုတ် ပျောက်ရသလားဆိုပြီး ရဲစခန်းတွင် သွားရောက်တိုင်ကြားခဲ့ရာ ရဲစခန်းမှူးက ဖော်ထုတ်ရရှိပါက အရေးယူပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါတယ်။ နောက်ပိုင်း ၎င်းတို့၏ ဆိုင်းဘုတ်ကို မနက်တင် ညနေဖြုတ် လုပ်ခဲ့ရသည့်နေရာပင် ရှိခဲ့ပါတယ်။ အချို့ မဲရုံများဆိုရင် ရ-ဝ-တ လူကြီးများ၊ မဲရုံအကူများက ၎င်းပါတီ၏ သင်္ကေတများအသုံးပြုပြီး မဲရုံကိုစောင့်ပေးခဲ့ကြပါတယ်။ ခြုံ၍ပြောရရင် မတရားမှုပေါင်းစုံဖြင့် ၎င်းပါတီကြီးအနိုင်ရရှိရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ သို့သော် နောက်ဆုံးမဲစာရင်း ရေတွက်ပြီးသောအခါ တိုင်းရင်းသားပါတီတစ်ခုမှကပ်ပြီး အနိုင်ရသွားခဲ့ပါတယ်။ ဤကဲ့သို့ ပါတီကြီးရှုံးနိမ့်ရခြင်းမှာ ကျွန်တော့်ကြောင့်ဟု ၎င်းတို့က မကျေမနပ် ပြောဆိုကြသော်လဲ ကျွန်တော့်အနေဖြင့် ဥပဒေမဲ့လုပ်ရပ် လုံးဝ လုပ်ခဲ့ခြင်းမရှိမှုကြောင့် ကျွန်တော့်အား မည်ကဲ့သို့မျှ နှောင့်ယှက်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။

သို့သော် ဤကဲ့သို့သော ပါတီကြီးတစ်ခု ဤဒေသတွင်သေချာပေါက် အနိုင်ရရန်ဖြစ်သော်လည်း ရှုံးနိမ့်မှုအပေါ် ချက်ချင်းမကျေမနပ်ဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်သို့ ပထမဆုံးအကြိမ် ကန့်ကွက်သော ပထမဆုံးအမှုတွဲအဖြစ် တင်သွင်းပြီး တရားရုံးတော်မှ စစ်ဆေးခဲ့ရပါတယ်။ ဤကဲ့သို့သော အနေအထားဖြစ်ရခြင်းမှာ ဒေသခံပြည်သူလူထုကို ၎င်းပါတီကြီးရဲ့ ဂရုမစိုက်မှုရဲ့ ရလဒ်ဖြစ်ပြီး ၎င်းရလဒ်ကိုကျတော့ လက်မခံနိုင်ဘဲ ချက်ချင်းကန့်ကွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ရွေးကောက်ပွဲရလဒ်မှာ ထိုစဉ်က အရေးအခင်းအရှိန်အဝါကြောင့် လူပုဂ္ဂိုလ် မဆိုထားဘိ သက်မဲ့ပစ္စည်းတစ်ခုကို ၎င်းပါတီဘက်မှဟု အမည်ခံစေပါကလဲ အများစုနိုင်မည့်အနေအထား ဖြစ်ခဲ့ပါတယ်။ ဤသို့ဖြစ်ရခြင်းမှာ ပြည်သူလူထုအများစု၏ နိုင်ငံရေး မရင့်ကျက်မှု၊ အာဏာပိုင်အဖွဲ့အပေါ် မနာလိုမှု၊ ယခင်မဆလပါတီ၏ အရည်အချင်းညံ့ဖျင်းသူများကို ခေါင်းဆောင်တင်မြှောက်ခဲ့မှု၊ မဆလပါတီနှင့် အုပ်ချုပ်ရေးအဖွဲ့ကြား လွန်ဆွဲနေမှု၊ ဥပဒေရေးရာကိစ္စများ ဖြေရှင်းဆောင်ရွက်ရာ၌ အခြေအနေနှင့် အချိန်အခါ မသုံးသပ်တတ်မှုတို့ကြောင့် ဖြစ်ခဲ့ရခြင်းဖြစ်ပါတယ်။

အမျိုးသားရေးလိုအပ်ချက်များအရ သမိုင်းကြောင်းနှင့် ယှဉ်တွဲပြီး တပ်မတော်အစိုးရ ပေါ်ပေါက်လာရခြင်းဟာ တိုင်းပြည်အုပ်ချုပ်ရေး ယန္တရားကြီးတစ်ခုလုံး လုံးဝရပ်တန့်သွားပြီး မင်းမဲ့စရိုက်ဖြစ်ပေါ်နေလို့ ပြည်သူလူထု တစ်ရပ်လုံး ကျီးလန့်စာစားဖြစ်နေရသည့်ဘဝကို ကယ်တင်ရန်နဲ့ နောင်အလားတူကိစ္စမျိုး မပေါ်ပေါက်စေရန် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအစိုးရ ဖော်ဆောင်ပေးရန်အတွက် ဖြစ်ပါတယ်။ ဤကဲ့သို့သော အခြေအနေမျိုးအတွက် ခေတ်ကာလတိုင်းတွင် တပ်မတော်သည် အမျိုးသားရေးလိုအပ်ချက်အရ သမိုင်းကြောင်းနှင့်ယှဉ်တွဲပြီး ပေါ်ပေါက်လာရမည့် အစိုးရဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

(ကျွန်တော်ဟာ တပ်မတော်သားမဟုတ်သလို ဤဆောင်းပါးကို မည်သူ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုခု၏ တိုက်တွန်းချက်ကြောင့် ရေးခြင်းမဟုတ်ဘဲ လွတ်လပ်သောဆန္ဒဖြင့် ရေးသားခြင်းဖြစ်ကြောင်း ဝန်ခံပါတယ်။ ဤဆောင်းပါးကို ပကတိဖြစ်ရပ်ထက် လွန်စွာလျှော့ပေါ့ရေးသားထားခြင်း ဖြစ်ပါကြောင်း။)

အမျိုးသားရေးလိုအပ်ချက်များအရ သမိုင်းကြောင်းနှင့်ယှဉ်တွဲပြီး တပ်မတော်အစိုးရ ပေါ်ပေါက်လာရခြင်းဟာ တိုင်းပြည်အုပ်ချုပ်ရေး ယန္တရားကြီးတစ်ခုလုံး လုံးဝရပ်တန့်သွားပြီး မင်းမဲ့စရိုက်ဖြစ်ပေါ်နေလို့ ပြည်သူလူထုတစ်ရပ်လုံး ကျီးလန့်စာစားဖြစ်နေရသည့်ဘဝကို ကယ်တင်ရန်နဲ့ နောင်အလားတူကိစ္စမျိုး မပေါ်ပေါက်စေရန် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအစိုးရ ဖော်ဆောင်ပေးရန်အတွက် ဖြစ်ပါတယ်။ ဤကဲ့သို့သော အခြေအနေမျိုးအတွက် ခေတ်ကာလတိုင်းတွင် တပ်မတော်သည် အမျိုးသားရေးလိုအပ်ချက်အရ သမိုင်းကြောင်းနှင့် ယှဉ်တွဲပြီး ပေါ်ပေါက်လာရမည့် အစိုးရဖြစ်။

19-3 (10) 1 3/19/07, 2:48 PM

အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယကဆရာတော်အား ပုနော့ပသမ္ပဒ အဘိဝိဇာတမင်္ဂလာနှင့် ဂုဏဝိသိဋ္ဌပူဇာသဘင်ကျင်းပ တပည့်ဒါယကာ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညို

ရန်ကုန် မတ် ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သာသနာတော်ဆိုင်ရာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်မြတ် ဆက်ကပ်လှူဒါန်းခြင်းခံရသော ရန်ကုန်မြို့ အင်းစိန်မြို့နယ် ၁၀မိုင် စော်ဘွားကြီးကုန်းရပ်ကွက် အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစတိလအား ပုနော့ပသမ္ပဒ အဘိဝိဇာတမင်္ဂလာနှင့် ဂုဏဝိသိဋ္ဌပူဇာသဘင်ကို ယနေ့နံနက် ၈နာရီက အဆိုပါကျောင်းတိုက်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့ တက်ရောက်ကြည်ညိုကြသည်။

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အောင်စေတီ သာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစတိလအား ပုနော့ပသမ္ပဒ အဘိဝိဇာတမင်္ဂလာနှင့် ဂုဏဝိသိဋ္ဌပူဇာသဘင်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အမှူးပြုသည့် အလှူရှင်များက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။
(သတင်းစဉ်)

တက်ရောက်ကြည်ညို

အဆိုပါ မင်္ဂလာအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ အမှူးပြုသော ဆရာတော်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပူဇော်ပွဲဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဆရာတော်၏ တပည့်ဒါယကာ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

သိမ်ဆင်းလောင်းလှူ

ရှေးဦးစွာ အောင်စေတီဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တစတိလအား ပုနော့ပသမ္ပဒ ကံဆောင်ခြင်း သိက္ခာထပ် မင်္ဂလာအခမ်းအနားကို ဝိပုလ္လကာရီသိမ်တော်ကြီး၌ ကျင်းပပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အမှူးပြုသည့် အလှူရှင်များက ဆရာတော် သံဃာတော်များအား သိမ်ဆင်းလောင်းလှူကြသည်။

လျှောက်ထား

ထို့နောက် အဘိဝိဇာတမင်္ဂလာနှင့် ဂုဏဝိသိဋ္ဌပူဇာသဘင်ကို ဓမ္မာရုံတော်ကြီး၌ ဆက်လက် ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အောင်စေတီ သာသနာ့ဗိမာန်ကျောင်းတိုက် သာသနာ့အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ဂုဏဝိသိဋ္ဌပူဇာသဘင် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ငါးပါးသီလခံယူ

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် မဟာဌာနမှူး ဒေါက်တာ ဘဒ္ဒန္တပဝရာဘိဝံသထံမှ ပရိသတ်များက ငါးပါး သီလခံယူဆောက်တည်ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သမ္ဗောဒနီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး အပူဇော်ခံ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစတိလ၏ ထေရပ္ပတ္တိကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဓမ္မစာပေ ပြန့်ပွားရေး အယ်ဒီတာအဖွဲ့ဝင်တစ်ဦးက ဖတ်ကြားပူဇော်သည်။

သီကျူးပူဇော်

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တေးသံရှင်များက အပူဇော်ခံ ဆရာတော်အား ဧကပိုဒ်ရတုဖြင့်လည်းကောင်း၊ တေးထပ်ဖြင့် လည်းကောင်း၊ ထေရပ္ပတ္တိဂီတဥ္ဆလီဖြင့် လည်းကောင်း သီကျူးပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် အပူဇော်ခံ ဆရာတော်အား အလှူရှင်များ ကိုယ်စား Forever Group မှ ဦးဝင်းမော်က အလှူတော်ငွေ ကျပ်သိန်းတစ်ရာကို ဆက်ကပ်လှူဒါန်းရာ ဆရာတော် ကိုယ်စား သာသနာ့အကျိုးတော်ဆောင် ဥက္ကဋ္ဌက လက်ခံသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား ဦးဝင်းမော်နှင့် ဇနီး ဒေါ်ခင်ခင်လေး၊ Golden Shell မှ ဦးကြီးစိန်-ဒေါ်ခင်ခင်မြင့် မိသားစု၊ J Bon Coffee မိသားစုနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်း

ထို့နောက် အောင်စေတီ ဆရာတော်၏ ဂုဏဝိသိဋ္ဌပူဇာ အထိမ်းအမှတ်အဖြစ် အလှူရှင်များ ကိုယ်စား သာသနာ့အကျိုးတော်ဆောင်ဥက္ကဋ္ဌက နာရေးကူညီမှုအသင်းသို့ အလှူငွေ ကျပ်၁၂သိန်းကို ပေးအပ်လှူဒါန်းသည်။

ရေစက်သွန်းချ

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသက ဂုဏဝိသိဋ္ဌသဘင် ဩဝါဒကထာနှင့် ရေစက်ချ တရားတို့ကို ဟောကြားချီးမြှင့်တော်မူရာ ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက် သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဆေးရုံကို စံချိန်စံညွှန်းနှင့် အညီ တည်ဆောက်ရေး၊ ဆေးရုံဝင်း အတွင်း နှစ်ရှည်ပင်များ ဖြစ်သည့် သရက်၊ ပိန္နဲ၊ လိုက်ချီး၊ ထောပတ် ပင်များ စိုက်ပျိုးရေးတို့ကို မှာကြားပြီး တည်ဆောက်ဆဲ ဆေးရုံပင်မဆောင် အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများ အား မှာကြားသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြား သည်။

ရှေးဦးစွာ ဆင်ဘိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးစိုးသက်က ဒေသဆိုင်ရာ အချက်အလက်များ၊ နိုင်ငံရေး၊ စီးပွား ရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြ ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းပူးပေါင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် မိမိသည် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့သို့ အကြိမ်ကြိမ်လာရောက်ခဲ့ပြီး နယ်မြေ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ ဆင်ဘိုမြို့သည် ယခင် ကထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည် ကို တွေ့မြင်ရ၍ များစွာဝမ်းမြောက် ကြောင်း၊ ဆင်ဘိုမြို့သည် ယခင်က မြစ်ကြောင်းကိုသာ အားထားသွားလာ ခဲ့ရာမှ ယခုအခါ ရွှေကူ၊ ကသာ၊ ဗန်းမော်၊ ဟိုပင်၊ မြစ်ကြီးနားမြို့များသို့ ကုန်းလမ်းခရီးဖြင့် ခရိုင်ချင်းဆက် လမ်း အမှတ်(၃)ကို ဖောက်လုပ်၍ အလွယ်တကူ သွားလာနိုင်ပြီဖြစ်ရာ ပတ်ဝန်းကျင် နယ်မြေဒေသ အသီးသီးတို့၏ စီးပွား ရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာတော့ မည်ဖြစ်ကြောင်း၊ မြို့ကိုလည်း အင်္ဂါ ရပ်နှင့်အညီ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူ တို့က ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက် ကြရမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူ များအနေဖြင့် နှစ်ရှည် စားသုံးပင်များ အပါအဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍ တိုးတက်ရေးအတွက် ဖိဖိစီးစီး ဆောင်ရွက်ကြစေလိုကြောင်း၊ ဌာန ဆိုင်ရာများသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် တိုးတက် အောင်မြင်ရေးအတွက်တက်ညီလက်ညီ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန်ဖြင့် မှာကြားသည်။

ရင်းရင်းနှီးနှီး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဆင်ဘိုဒေသမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီး ရေးရာအဖွဲ့နှင့် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့အတွက် ဝတ်စုံများကို သက်ဆိုင်ရာအသင်းအဖွဲ့ ကိုယ်စားလှယ်များသို့ လည်းကောင်း၊ ဆင်ဘို ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေကို ဆေးရုံအုပ် ဒေါက်တာ ဦးတင်သက်ဝေဖုန်းသို့ လည်းကောင်း၊ ဆင်ဘိုဒေသမှ ပညာရေးဝန်ထမ်းများအတွက် ထောက်ပံ့ ငွေကို ဆရာမများအားလည်းကောင်း အသီးသီး ပေးအပ်ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်း အုပ်ကိုယ်စား အလယ်တန်းပြဆရာမ ဒေါ်ဟန်နီထွန်းက ရှင်းလင်းတင်ပြ သည်။

ဦးထိပ်ထား

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ကျောင်းအဆောက်အအုံနှင့် သင်ကြား ရေးအပိုင်းများကို ပြည့်စုံစွာ ဖြည့်ဆည်း ထားပြီးဖြစ်ရာ ကျောင်းသား ကျောင်းသူ များကို ဘက်စုံပညာရည် ထူးချွန် ထက်မြက်သော လူ့စွမ်းအား အရင်း အမြစ်များအဖြစ် ပေါ်ထွန်းလာအောင် လေ့ကျင့် ပျိုးထောင်ပေးကြရန်နှင့် အောင်ချက်မြင့်မားအောင် ဝိုင်းဝန်း ကြိုးပမ်း သင်ကြားပို့ချရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဆင်ဘိုမြို့ နယ်မြေခံ တပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ် အောင်မြင်ရေး အတွက် ဒို့တာဝန်အရေးသုံးပါး ဦးထိပ် ထားကာ ဝိုင်းဝန်းဆောင်ရွက်ကြရေး နှင့် စိမ်းလန်းစိုပြည်ရေး အတွက် နှစ်ရှည်ပင်၊ စက်မှုကုန်ကြမ်း သီးနှံ ရော်ဘာ အပါအဝင် ထောပတ်၊ တည်း၊ သရက် စသော စားသုံးပင် များပါ စိုက်ပျိုးကြရေး မှာကြားသည်။

ဆက်လက်၍ တပ်ရင်းအနီးရှိ နန့်ရင်းချောင်းသို့ သွားရောက်ပြီး ရေလွှဲဆည် ပြုပြင်မွမ်းမံရေး၊ ဆည်ရေကို အကျိုးရှိစွာအသုံးပြု၍ နှစ်ရှည်သီးနှံ များနှင့် စပါးစိုက်ပျိုးရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ကျိုက္ကစံလယ်တီကျောင်းတိုက် ဒုလ္လဘရဟန်းခံရှင်ပြု

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့ နယ် ကျိုက္ကစံဆံတော်ရှင် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာ ကျောင်းတိုက်ကြီး မူလပဓာနနာယက (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဘွဲ့တံဆိပ် တော်ရ ကျေးဇူးတော်ရှင် လယ်တီဆရာ တော်ကြီးအား ရည်စူး၍ ကုသိုလ်တော် အဖြစ် ဥပသမ္ပဒမင်္ဂလာဒုလ္လဘရဟန်းခံ၊ ပဗ္ဗဇ္ဇမင်္ဂလာရှင်ပြုပွဲနှင့် ဒုလ္လဘသီလရှင် ဝတ်ပွဲအလှူတော်မင်္ဂလာ အခမ်းအနား ကို လယ်တီကျောင်းတိုက်ကြီး၌ ဧပြီ ၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ရဟန်းတစ်ပါးသင်္ကန်းပရိက္ခရာတစ်စုံ အလှူငွေကျပ်၅၀၀၀၊သာမဏေတစ်ပါး ပရိက္ခရာစုံ အလှူငွေကျပ် ၄၀၀၀နှင့် သီလရှင်တစ်ပါး ဝတ်စုံပြည့် အလှူငွေ ကျပ် ၅၀၀၀တို့ဖြင့် လှူဒါန်း၍ သာသနာ့ အမွေ ခံယူနိုင်သည်။ ယင်းအလှူပွဲ ကိုးရက်အဓိဋ္ဌာန်ပွဲကြီးတွင် အရုဏ် ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲနှင့် ညနေ ဖျော်ရည်ဆွမ်းတို့ကို လှူဒါန်းလိုပါက ဖြစ်မြောက်ရေး အဖွဲ့ ဖုန်း-၆၅၀၇၁၀ နှင့် ၅၆၄၇၄၃တို့သို့ ဆက်သွယ် စာရင်း ပေးလှူနိုင်ကြောင်း သိရသည်။ **(ဝ၅၂)**

ဖလားဝါးနယူးစ်ဂျာနယ် သတင်းဆောင်းပါးဝေဝေဆာဆာဖြင့်ဖြန့်ချိ

ရန်ကုန် မတ် ၁၈

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၂)တွင် ကာတာနိုင်ငံက မြန်မာ ကျွမ်းကျင်လုပ်သား ၁၁၃ ဦးခေါ်မည်၊ မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေး ရောဂါနှင့် ပတ်သက်၍ FAO နှင့် WHO တို့က ဘဏ္ဍာရေးဆိုင်ရာ ဖြည့်ဆည်းပေးသွားမည်၊ မတ် ၁၉ရက်တွင် နေကြတ်ခြင်းမြင်ရမည့် မျက်စိ အန္တရာယ်ကင်းစွာ ကြည့်ရှုနိုင်မည့်နည်းများ သိထားရန်လို၊ လုပ်ငန်းခွင်လက်တွေ့ အလုပ်လုပ်ရသော နှစ်နှစ်ဒီပလိုမာတန်းတက်ကာ ဩစတြေးလျတွင် တရားဝင် နေထိုင်ခွင့် အလုပ်လုပ်ခွင့် လျှောက်ထားနိုင်၊ နယ်စပ်ဒေသရှိ ဆင်းရဲနွမ်းပါးသော ကလေးသူငယ်များအတွက် လှူဒါန်းရန်လိုအပ်နေဆဲ စသည့် ပြည်တွင်းရေးရာ သတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

‘ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ခြေလှမ်း ဘယ်သူတွေ ဘယ်လိုလှမ်းကြမလဲ’ အားကစားဆောင်းပါးနှင့်အတူ ဟောက်တက်သူတို့ကြောင့် ဘဝတစ်သက်တာ တွင် အိမ်ထောင်ဖက်များ နှစ်နှစ်စာအိပ်ပျက်ရ၊ ခွေးရူး ပြန်ရောဂါနှိမ်နင်းရေး တရုတ်နိုင်ငံ ခရိုင်တစ်ခုတွင် အိမ်မွေးခွေးများအားလုံးကို သုတ်သင်ရန် အမိန့် ထုတ်ပြန်၊ ကမ္ဘာ့ဘူမိဗေဒမြေပုံ ပထဆုံးအကြိမ်အဖြစ် တည်ဆောက်ပြီ၊ သုံးရက်သား ကလေးငယ်ကို ဆေးရုံဝန်ထမ်းအယောင်ဆောင်ပြီး ခိုးယူသွား စသည့် နိုင်ငံတကာ ရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

ရသင့်ရထိုက်သည့် အကောက်ခွန်များ ပြည့်ဝမှန်ကန်စွာရရှိရေး လွယ်ကူရှင်းလင်းသည့် လုပ်ငန်းဆောင်ရွက်မှုစနစ်ဖြင့် အကောင်အထည်ဖော်

နေပြည်တော် မတ် ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မတ် ၁၆ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်း တောင်ငူမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲသို့ ရောက်ရှိရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက စည်းမျဉ်းဥပဒေနှင့်အညီ တာဝန်သိစွာဆောင်ရွက်ကြရေး၊ စာရင်းဇယားများ စနစ်တကျမှန်ကန်စေရေး စသည်တို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် တောင်ငူမြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ခရိုင်အခွန် ဦးစီးဌာနမှူးရုံး အဆောက်အအုံ တိုးချဲ့ဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့၏တင်ပြချက်များအပေါ် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစေရန် စနစ်တကျကြပ်မတ်သွားကြရန် မှာကြားပြီး ဝန်ကြီးသည် တိုင်းအခွန်ဦးစီးဌာနမှူးရုံး၊ ခရိုင်ဦးစီးဌာနမှူးရုံး၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး ရသင့်ရထိုက်သည့် အခွန်ငွေများ ပြည့်ဝမှန်ကန်စွာရရှိစေရေးနှင့် ဒေသခံပြည်သူများအပေါ် အခွန်ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး၊ အခွန်ပညာပေးစည်းရုံးသွားကြရေး အလေးထားဆောင်ရွက်ကြရန် တာဝန်ရှိသူတို့အား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့နံနက်ပိုင်းက မြန်မာနိုင်ငံ ဘဏ်များအသင်း ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော အထွေထွေ ဘဏ်လုပ်ငန်းသင်တန်း(အရာရှိ) အဆင့် သင်တန်းအမှတ်စဉ် (၉) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆုပေးအပ်ချီးမြှင့်

ယင်းနောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းက သင်တန်းတွင် ထူးချွန်ဆုရရှိကြသော သင်တန်းသား သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တာဝန်ရှိသူတို့က သင်တန်းတွင် လာရောက်ပို့ချပေးသည့် ဝါရင့်ပညာရှင်များ၊ ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ အဆိုပါသင်တန်းကို ဇန်နဝါရီ ၈ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ အရာထမ်း သင်တန်းသား ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ကိုးပတ်ကြာမြင့်သည်။

တက်ရောက်

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန အာဆီယံအကောက်ခွန်စည်းဝါးညီစနစ်တွင် ပါဝင်အကောင်အထည်ဖော်မှုဆိုင်ရာ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကိုကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဦးစီးဌာနလုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစံသောင်းနှင့် တာဝန်ရှိသူများက အာဆီယံအကောက်ခွန် စည်းဝါးညီစနစ်တို့ စတင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက ရသင့်ရထိုက်သည့် အကောက်ခွန်များ ပြည့်ဝမှန်ကန်စွာရရှိရေး ဆောင်ရွက်ရာတွင် လွယ်ကူရှင်းလင်းသည့် လုပ်ငန်းဆောင်ရွက်မှု စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဓမ္မာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ထွန်းက အဖွင့်အမှာစကား ပြောကြားစဉ်။ (က-ပ)

မြို့နယ်ကြံ့ခိုင်ဖွံ့ ဖြိုးရေးအသင်းကကြီးမှူး အခြေခံစည်းရုံးရေးသင်တန်းဖွင့်၊ အဆိုပြုလွှာပေးအပ်

ရန်ကုန် မတ် ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၄၄/၄၅)ဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇နာရီခွဲက သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းရှိ အဆိုပါမြို့နယ် အသင်းရုံးခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားပြီး အသင်းဝင်အဆိုပြုလွှာများ လက်ခံသည်။

ရှေးဦးစွာ အခမ်းအနားကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက အားမာန်ဝင့်ကာချီ တေးသီချင်းကိုသီဆို၍ ဖွင့်လှစ်ကြပြီး ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က သင်တန်းဖွင့်အမှာစကားပြောကြားကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၁၅၁၂စောင်ကို အမှတ် (၂၅)ရပ်ကွက် စည်းရုံးရေးမှူး ဒေါ်မြင့်မြင့်သန်းက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံပြီး အသင်းဝင်အသိအမှတ်ပြု ကတ်ပြားများ ပြန်လည်ပေးအပ်သည်။

အလှူငွေနှင့်ပစ္စည်းများပေးအပ်

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူငွေနှင့်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဦးကြည်မောင်(ဥက္ကဋ္ဌ၊ စီးပွားရေးအထောက်အကူပြုအဖွဲ့)နှင့် ရန်ကုန်သစ်ရပ်ကွက်တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးတင်မောင်ဝင်း(လေအေးစက် ပြုပြင်ရောင်းဝယ်ရေး)က ငွေကျပ်နှစ်သိန်း တန်ဖိုးရှိ လေအေးစက်တစ်စုံ၊ ဦးတင်အောင်လတ်(ပုံနှိပ်စက်လုပ်ငန်း)က ငွေကျပ်တစ်သိန်း၊ ဦးမြင့်ခိုင်(မော်တော်ယာဉ်လုပ်ငန်း)က ငွေကျပ်ငါးသောင်း၊ ဦးစိုးလှိုင်က ငွေကျပ်တစ်သိန်းသုံးထောင်တန်ဖိုးရှိ ရေအေးစက်တစ်လုံးနှင့် ဦးအောင်ခင်က ငွေကျပ်တစ်သောင်းတန်ဖိုးရှိ ရေသန့်တစ်ဘူးကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြက်ငှက်တုပ်ကွေး ရောဂါ ပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)က ကြီးမှူးကျင်းပသော ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေး ဟောပြောပွဲ (Update on Avian Influenza)ကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းအမှတ် ၂၄၉ ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်၌ ကျင်းပသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ ဆေးပညာရှင်အသင်းမှ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးလုပ်ငန်းအဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာ အဖွဲ့များနှင့် အသင်းဝင်ဆရာဝန်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင်**(အောက်ပုံ)**နှင့် ဟောပြောပွဲ သဘာပတိ မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးကိုကိုတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဟောပြော

ထို့နောက် ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာဒေါ်မြသန်းနွယ်က "မြန်မာနိုင်ငံတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု အခြေအနေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သင်္ဃန်းကျွန်း စံပြဆေးရုံကြီး ရင်ခေါင်းရောဂါကုဌာန ဌာနမှူး ဒေါက်တာ ဒေါ်ရတနာကျော်က "ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာများ၊ ရောဂါစစ်ဆေးကုသရန်နည်းလမ်းများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဗဟိုကျန်းမာရေးပညာဌာနမှ ဒေါက်တာ ခင်မောင်လွင်က "ဆရာဝန်များမှ ကြက်ငှက်တုပ်ကွေးရောဂါ လူထုကျန်းမာရေး ပညာပေးလုပ်ငန်းများ သိကောင်းစရာ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။

မေးမြန်းဆွေးနွေး

ဆက်လက်၍ တက်ရောက်လာကြသည့် ဆရာဝန်များက သိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးကြပြီး ဟောပြောပွဲ သဘာပတိ ဒေါက်တာ ဦးကိုကိုက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ် (၄၄/၄၅) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (မြို့တော်စည်ပင်)

ပန်းတစ်ပွင့်တောင် ဆရာတော် ပြည်ပသို့ ဓမ္မဒူတခရီး ကြွရောက်တော်မူ

ရန်ကုန် မတ် ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာနနာယကချုပ် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရသည် မလေးရှားနိုင်ငံ၊ စင်ကာပူ သမ္မတနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတ နိုင်ငံတို့မှ တပည့် ဒါယကာ၊ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ မတ် ၁၆ရက်တွင် ရန်ကုန်မြို့မှ လေကြောင်း ခရီးဖြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ဓမ္မဒူတခရီး ကြွရောက်သွားပြီး အင်ဒိုနီးရှား သမ္မတနိုင်ငံ၌ ကျင်းပမည့် ရွှေတိဂုံပုံတူ စေတီတော် အုတ်မြစ်တော်စီ မင်္ဂလာ အခမ်းအနားသို့ တက်ရောက်မည် ဖြစ်သည်။ **(သတင်းစဉ်)**

လက်ထပ်ပြီးစီးခြင်း

မြစ်ကြီးနားမြို့၊ ဈေးရပ်ကွက်နေ
ဦးကျော်ဝင်း(ပြည်နယ်သမဝါယမဦးစီးမှူး၊ ငြိမ်း)-ဒေါ်ကြင်ကြင်တို့၏သား

မောင်နေဝင်းဆန်း
B.E. (Mechanical) (YTU)

နှင့်

ဗန်းမော်မြို့၊ မင်းကုန်းရပ်ကွက်နေ
ဦးစိန်ဝင်း-ဒေါ်မြင့်မြင့်ရီ (ယုန်စိန် ရတနာရွှေဆိုင်)
တို့၏သမီးကြီး

မခင်သီရိဝင်း
B.Com,DMA(LCCI), ACCA (Part III)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ Singapore နိုင်ငံ လက်ထပ်ထိမ်းမြားရေးတရားရုံးတွင် ၁၁-၃-၂၀၀၇ ရက်၌ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

မောင်နေဝင်းဆန်း-မခင်သီရိဝင်း။

ကျေးဇူးတင်လွှာ

ကျွန်တော်-ကျွန်မတို့၏ Singapore နိုင်ငံ Registry of Marriage(ROM)Cherish Suite ၌ကျင်းပသော လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ Singapore နိုင်ငံ Quality Hotel, Diamond Room ၌ ကျင်းပသည့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

မောင်နေဝင်းဆန်း-မခင်သီရိဝင်း။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်ယုမောင် နိုင်ငံသားအမှတ် ၁၂/လမန(နိုင်) ၁၄၅၆၃၆ သည် မိဘနှင့် မောင်နှမများအပေါ် ဆိုးသွမ်းခြင်း၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ် ပြုလုပ်လာပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းကိစ္စအဝဝနှင့်ပတ်သက်၍ မိဘနှင့် မောင်နှမများက ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြော်ညာအပ်ပါသည်။

မိခင်-ဒေါ်ဘောဘီ
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ပါဝင်ယှဉ်ပြိုင်

ပြည်နယ်နှင့်တိုင်း အမျိုးသမီးခြင်းလုံးခတ်ပြိုင်ပွဲတွင် ရောဝတီတိုင်း အမျိုးသမီးအသင်း ပါဝင်ယှဉ်ပြိုင်စဉ်။

(မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်း ခြင်းလုံးခတ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ မြန်မာ့ရိုးရာ ခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၃၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက်၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် ဆက်လက်ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ယမန်နှစ်ချန်ပီယံရန်ကုန်တိုင်းအသင်းသည် ရမှတ်ပေါင်း ၇၄၆ မှတ်ဖြင့် ပြိုင်ဘက်ဟောင်း မန္တလေးတိုင်းအသင်းကို ၁၆ မှတ်အသာဖြင့် ချန်ပီယံဘွဲ့ကို ဆက်ထိန်းလိုက်နိုင်သည်။

ဒုတိယ

ယမန်နှစ် ဒုတိယရ မန္တလေးတိုင်းအသင်းသည် ရမှတ် ၇၃၀ ဖြင့် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ တတိယနေရာတွင် ဧရာဝတီတိုင်းက ရမှတ်၅၆၇ မှတ်ဖြင့် တတိယရရှိသွားသည်။

အမျိုးသမီးပြိုင်ပွဲ

အမျိုးသမီးပြိုင်ပွဲတွင် ပထမ မန္တလေးတိုင်း၊ ဒုတိယ ရန်ကုန်တိုင်းနှင့် တတိယ ပဲခူးတိုင်းတို့ ရရှိသွားသည်။

ယနေ့ နံနက်၉ နာရီတွင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများအတွက် သင်တန်းသားများ ခေါ်ယူခြင်း

ကျောင်းသားမိဘများအနေဖြင့် သား၊သမီးများအား အင်ဂျင်နီယာများနှင့် ကွန်ပျူတာပညာရှင်များဖြစ်စေလိုလျှင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အောက်ဖော်ပြပါ နည်းပညာတက္ကသိုလ်/ကောလိပ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ၁-၄-၂၀၀၇ ရက်တွင် စတင်ဖွင့်လှစ်မည့် အခြေခံကျွမ်းကျင်မှုသင်တန်းများတွင် တက်ရောက်ရန် ဆက်သွယ်အပ်နှံနိုင်ပါသည်။

- နည်းပညာတက္ကသိုလ်/ကောလိပ် (မြစ်ကြီးနား၊ ဗန်းမော်၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ ပင်လုံ၊ လွိုင်ကော်၊ ကလေး၊ စစ်တွေ၊ ဘားအံ၊ ထားဝယ်၊ မြိတ်၊ မိုးညှင်း)
- ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား၊ ဗန်းမော်၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ ပင်လုံ၊ လွိုင်ကော်၊ ကလေး၊ စစ်တွေ၊ ဘားအံ၊ ထားဝယ်၊ မြိတ်)

(၁) အဆိုပါသင်တန်းသို့ ၂၀၀၆ခုနှစ် မတ်လတွင်ကျင်းပသော အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများနှင့် ၂၀၀၇ခုနှစ် မတ်လတွင်ကျင်းပသော အခြေခံပညာအထက်တန်းဖြေဆိုထားသူများ လျှောက်ထားနိုင်ပါသည်။

(၂) သင်တန်းတက်ရောက်၍ ပထမလေးလသင်တန်းအောင်မြင်ပြီးဆုံးပါက ကျွမ်းကျင်မှုလက်မှတ် ချီးမြှင့်ပေးမည်။

(၃) ပထမလေးလသင်တန်းအောင်မြင်ပြီး အခြေခံပညာအထက်တန်း အောင်မြင်သူများအား ဒုတိယလေးလသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။ ဒုတိယလေးလသင်တန်း အောင်မြင်ပြီးဆုံးပါက ကျွမ်းကျင်မှုလက်မှတ် ချီးမြှင့်ပေးမည့်အပြင် နည်းပညာတက္ကသိုလ်/ကောလိပ်များနှင့် ကွန်ပျူတာတက္ကသိုလ်/ကောလိပ်များတွင် အခြေခံကျွမ်းကျင်မှုသင်တန်း၌ သင်ယူခဲ့သည့် ဘာသာရပ်အတိုင်း ပထမနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာနည်းပညာတက္ကသိုလ်/ကောလိပ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

အပူချိန်

(၁၈-၃-၂၀၀၇)

နေပြည်တော်	၃၇ ဒီဂရီစင်တီဂရိတ်
မြစ်ကြီးနား	၃၁ ဒီဂရီစင်တီဂရိတ်
ကသာ	၃၃ ဒီဂရီစင်တီဂရိတ်
ကန့်ဘလူ၊ ကျောက်တော်	၃၄ ဒီဂရီစင်တီဂရိတ်
မန္တလေး	၃၅ ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)	၃၈ ဒီဂရီစင်တီဂရိတ်
ချောက်၊ သာယာဝတီ	၃၉ ဒီဂရီစင်တီဂရိတ်

မြန်မာ့ရုပ်မြင်သံကြား

၁၉-၃-၂၀၀၇ ရက်
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅	၇။	(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar made Easy

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၆:၄၅	၄။	အကပဒေသာ
၁၇:၀၀	၅။	မြန်မာစာ မြန်မာစကား
၁၇:၁၅	၆။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇:၃၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၄၀	၈။	တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၆ခုနှစ်)
၁၇:၅၀	၉။	**"ချစ်လွန်းလို့"** ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၀	၁၃။	မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ
၁၉:၁၀	၁၄။	(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၂၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သစ္စာ ဘဝပင်ခြားသော်လည်း"** (အပိုင်း-၄)
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ် သဘောကျတယ်"** (အပိုင်း-၃၂)

အားကစားနှင့်လူမှုအဖွဲ့အစည်းဆိုင်ရာ ဆုချီးမြှင့်ခံရခြင်းအတွက် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၁၈

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက ချီးမြှင့်သည့် အားကစားနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာဆု (IOC Trophy for 2006 Sports and the Community) ရရှိခြင်းအတွက် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ည၇နာရီက ရန်ကုန်မြို့ အင်းလျားလမ်းရှိ ရွှေရှမ်းကန်စားသောက်ဆိုင်၌ ကျင်းပသည်။

ကျေးဇူးတင်

ရှေးဦးစွာ မြန်မာနိုင်ငံ အားကစား ကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုရရှိခဲ့ပုံနှင့် မြန်မာနိုင်ငံ အားကစား ကလောင်ရှင်များအဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ အားကစား ကလောင်ရှင်များအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက ဆုရရှိရန် ကူညီပံ့ပိုးပေးခဲ့သူများအား ကျေးဇူးတင်စကား ပြောကြားသည်။

အသိအမှတ်ပြု

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက အားကစားနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာဆုကို မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်၏ ၂၀၀၆ ခုနှစ်အတွင်း လှုပ်ရှားဆောင်ရွက်မှုများကို အသိအမှတ်ပြုသောအားဖြင့် ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)
မြဝတီခရိုင် တရားရုံးတော်
၂၀၀၇ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂

ဒေါ်အေးအေးမော် တရားနိုင် နှင့် **မမြမွန်** တရားရှုံး

မမြမွန် အမှတ် ၃၅၊ အမှတ် ၄ ရပ်ကွက်၊ တောင်တန်းရပ်၊ မြဝတီမြို့ (ယခု နေရပ်လိပ်စာ မသိသူ)သိစေရမည်။

၂၀၀၆ ခုနှစ် တရားမကြီးအမှုအမှတ်-၃တွင် ကျရှိသည့် ဒီကရီ အတည်ပြုရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အေးအေးမော်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ဖြေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၇ ခုနှစ် ဧပြီ ၉ ရက် (၁၃၆၈ ခုနှစ် တန်ခူးလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၇ ခုနှစ် မတ် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

ဟန်တင့်
ခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး။

ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)
မြဝတီခရိုင် တရားရုံးတော်
၂၀၀၇ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃

ဒေါ်မြမြသိန်း တရားနိုင် နှင့် **မမြမွန်** တရားရှုံး

မမြမွန် အမှတ် ၃၅၊ အမှတ် ၄ ရပ်ကွက်၊ တောင်တန်းရပ်၊ မြဝတီမြို့ (ယခု နေရပ်လိပ်စာ မသိသူ) သိစေရမည်။

၂၀၀၆ ခုနှစ် တရားမကြီးအမှုအမှတ်-၄ တွင် ကျရှိသည့် ဒီကရီ အတည်ပြုရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မြမြသိန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ဖြေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၇ ခုနှစ် ဧပြီ ၉ ရက် (၁၃၆၈ ခုနှစ် တန်ခူးလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၇ ခုနှစ် မတ် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးပေးလိုက်သည်။

ဟန်တင့်
ခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး။

ပုသိမ်မြို့နယ်၌ မီးလောင်

ရန်ကုန် မတ် ၁၈

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ပန်းပင်ဆိပ်ရွာ၌ မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီကျော်ခန့်တွင် နေအိမ် မီးကြွင်းမီးကျန်မှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အိမ် ၁၈ လုံး မီးလောင် ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၂၅ စု အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြောင်း၊ မီးဘေးသင့်သူများအား ကျေးရွာမူလတန်းကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတို့တွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နေရာချထားပေးပြီး တာဝန်ရှိသူများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာဗောဓိဆုတောင်းပြည့်စေတီ ဗုဒ္ဓါဘိသေက အနေကဇာတင်

ရွှေတောင် မတ် ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် တရုတ်မော်ရွာဦးရှိ ဝိဇာတကုန်းတော်မြတ်၌ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြန်မာကျောင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓဂယာ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒသည် မိမိ၏ မွေးရပ်မြေ၌ တည်ထားကိုးကွယ်သော အနန္တဂုဏ်ရည် ရန်ပြေမာန်ပြေ မဟာဗောဓိဆုတောင်းပြည့် စေတီတော်မြတ်၏ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ၊ ဌာပနာတော်ပိတ်ပွဲ၊ အောင်ပွဲနှင့် တရားတော်နာ ရေစက်ချမင်္ဂလာ အခမ်းအနားကို မတ် ၇ရက် နံနက် ၈နာရီက အဆိုပါ စေတီတော်၌ ကျင်းပသည်။

ဌာပနာပိတ်

အခမ်းအနားတွင် ရှေးဦးစွာ ပရိသတ်များက ဗုဒ္ဓဂယာ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒထံမှ နဝင်္ဂသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများနှင့် ပင့်သံဃာ ၁၁၇ပါးတို့အား ဆွမ်းတော်မျိုးတော်နှင့် မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၏ ဆွမ်းဝေယျာဝစ္စ၊ ဝိသာခါ သာသနာ့နုဂ္ဂဟ အဖွဲ့နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်၊ ရွှေတောင်မှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များက ဌာပနာတော် ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြကာ **(အောက်ပုံ)** ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ရွှေသုဝဏ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသဒ္ဓိယ ဦးဆောင်၍ အလယ်ပစ္စယာ၌ ဌာပနာတော် ပိတ်သွင်းကြသည်။

ရေစက်သွန်းချ

ဆက်လက်၍ ဗုဒ္ဓဂယာဆရာတော် ဦးဆောင်သော သံဃာတော်၁၈ပါးက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ကြပြီး အောင်ပွဲအထိမ်းအမှတ်အဖြစ် စစ်ကိုင်းမြို့ သီတဂူဗုဒ္ဓတက္ကသိုလ် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ (Ph.D D-Litt) ချီးမြှင့်သော အနုမောဒနာ တရားနာယူကြကာ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ (က-ပ)

လောကာအဓိပတိကိုးဆူစေတီ ထီးတော်တင်လှူမည်

ဘားအံ မတ် ၁၅

ကရင်ပြည်နယ် ဘားအံမြို့ အမှတ် ၉ ရပ်ကွက် ဘုရင့်နောင်လမ်း ငြိမ်းအေးချမ်းသာ ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌ ဦးစီးတည်ထားတော်မူသော လောကာအဓိပတိ ကိုးဆူစေတီတော်မြတ်၏ **(အပေါ်ပုံ)** ရွှေထီးတော်နှင့် စိန်ဖူးတော်တို့ကို ၁၃၆၈ခုနှစ် ကဆုန်လပြည့်နေ့(ဧပြီ ၃၀ရက်)နံနက်ပိုင်းတွင် ထီးတော်တင်လှူမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ပါရမီရှင်များ ကုသိုလ်တော် ထပ်တူထပ်မျှ ရရှိစေရန် ဆက်သွယ်ပါဝင် လှူဒါန်းလိုပါက ဦးစိုးမြင့် (ငွေလသာဆန်ဆိုင် ဘားအံမြို့) ဖုန်း- ၀၅၈-၂၂၂၃၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြို့နယ်သတင်းများ

၂၀၀၇ ခုနှစ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုကို မတ် ၁ရက်က ရွှေကျင်မြို့နယ်စည်ပင်သာယာဈေးကြီး အတွင်း၌ ကျင်းပရာ ဒေသခံ ပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သဒ္ဓမ္မပါလအသင်း ဘွဲ့ဆက်ကပ်လှူဒါန်း

မြင်းခြံ မတ် ၅

မြင်းခြံမြို့ ပရိယတ္တိ သဒ္ဓမ္မပါလ အသင်းကြီးက ကြီးမှူးကျင်းပသော (၅၅) ကြိမ်မြောက် ဆုနှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က မြင်းခြံမြို့ ရန်အောင်မြင်မြတ်စွာဘုရား တန်ဆောင်းတော်ကြီးအတွင်း၌ ကျင်းပရာ ရန်အောင်မြင် စာလျှောက်စာမေးပွဲ၌ မူလစာသင်တန်း၊ သီးခြားစာသင်တန်း၊ သီးခြားစာချတန်းတို့တွင် ကျမ်းသုံးကျမ်းကို နှစ်မခြားဘဲ အောင်မြင်တော်မူသော အရှင်သုဓမ္မနန္ဒအား ပရိယတ္တိသဒ္ဓမ္မပါလ အသင်းကြီး၏ ဒုတိယဥက္ကဋ္ဌ ဦးသန်းက ပရိယတ္တိ သဒ္ဓမ္မပါလ အဘိဝံသဝဋံသကာဘွဲ့ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ (၄၀၂)

တရားရုံးချုပ်နှင့်တရားသူကြီးများ လုပ်ငန်းညှိနှိုင်း ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲ ပြည်မြို့၌ကျင်းပ

ပြည် မတ် ၁၁

တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း တရားသူကြီးများ၏(၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ လမ်းညွှန်ချက် ထပ်ဆင့်ရှင်းလင်းသည့် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းတရားရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းတရားသူကြီး ဦးစိန်လင်း၊ တွဲဖက်တိုင်းတရားသူကြီးနှင့် ပြည်ခရိုင် သာယာဝတီ ခရိုင်တို့မှ တရားသူကြီးများ၊ ဒုတိယ ခရိုင်တရားသူကြီးများ၊ ဦးစီးအရာရှိများ၊ ၁၄ မြို့နယ်များမှ မြို့နယ်တရားသူကြီးများ တက်ရောက်ကြသည်။

ဆွေးနွေး

အဆိုပါ ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းတရားသူကြီး ဦးစိန်လင်းက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက ပြည်နယ်၊ တိုင်း တရားသူကြီးများ၊ ဥပဒေအရာရှိများအား တွေ့ဆုံပြီး တရားစီရင်ရေးဆိုင်ရာ၊ ဥပဒေဆိုင်ရာ လမ်းညွှန်မှာကြားခဲ့သည့်အချက်များနှင့် (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ မှာကြားခဲ့သည့် အချက်များကို အကျယ်တဝင့်ရှင်းလင်း ဆွေးနွေးကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် တက်ရောက်လာကြသည့်ခရိုင်နှင့်မြို့နယ်တရားသူကြီးများက တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ၎င်းတင်ပြချက်များအပေါ် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းတရားသူကြီး ဦးစိန်လင်းက လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (၄၀၃)

(၁၀)ကြိမ်မြောက် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ဖေဖော်ဝါရီ ၂၅ရက်က ကြို့ပင်ကောက်မြို့နယ် မြို့မဈေးကြီးအတွင်း၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြစဉ်။

(၀၄၀)

ပုသိမ်အသင်း(ရန်ကုန်) ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ပူဇော်ပွဲ

ရန်ကုန် မတ် ၁၈

ပုသိမ်အသင်း(ရန်ကုန်)မှ ၂၀၀၇ ခုနှစ် နိုင်ငံတော်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းခံရသည့် ဧရာဝတီတိုင်း ပုသိမ်ခရိုင်အတွင်းမှ ဆရာတော်ကြီးများဖြစ်ကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဿဓာဘိဝံသ ပုဏ္ဏာမာရာမဈေး ကျောင်းတိုက်(ညောင်တုန်းမြို့)၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တခေမိန္ဒ ပစ္ဆိမာရုံ စာသင်တိုက် (ပုသိမ်မြို့)၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဣန္ဒြ ဉာဏာဘိဝံသ ဝေဠုဝန် ပရိယတ္တိ စာသင်တိုက် (ကျုံပျော်)၊ မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သောဘိတ မရမ်းချိုကျောင်း ပရိယတ္တိ စာသင်တိုက် (ပုသိမ်မြို့)၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကုမာရ ဒက္ခိဏာရုံ ပရိယတ္တိ စာသင်တိုက်(ငပုတောမြို့) တို့မှ ဆရာတော်ကြီး ငါးပါးနှင့် သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ ရာသက်ပန် အသင်းဝင် ပုသိမ်အသင်း(ရန်ကုန်)၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ကျင်သိန်း ရာသက်ပန်အသင်းဝင် ပုသိမ်အသင်း (ရန်ကုန်)တို့အား ထပ်ဆင့် ချီးကျူးဂုဏ်ပြုပွဲကို ဧပြီ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အမှတ် (၂၁/၄၃)စီ ကြားတောရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ ဧရာဝတီတိုင်း ဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပုသိမ်အသင်း (ရန်ကုန်) အသင်းဝင်များ၊ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်းများမှ အမှုဆောင်များ၊ ဓမ္မမိတ်ဆွေများ၊ ကြွရောက်ကြည်ညို ကုသိုလ်ယူကြရန် ဖိတ်ကြားထားကြောင်းနှင့် လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀-၂၃၃၀၇၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း- ၀၉-၅၀၀-၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈ နှင့် ပုသိမ်အသင်း (ရန်ကုန်) ဖုန်း-၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နယ်လှည့် စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ပြည်အ နောက် ရပ်ကွက်၌ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်နု၊ ရပ်ကွက်အဖွဲ့ဝင် ဦးမြင့်အောင်နှင့် စာကြည့်တိုက် ဘဏ္ဍာရေးမှူး ဦးဆန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သုတပျိုးခင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် ကျေးရွာပြည်သူများ ဖတ်ရှုရန် စာအုပ်မျိုးစုံလှူဒါန်း

ပေါင် မတ် ၅

ပေါင်မြို့နယ် ညောင်ကုန်းလေးကျေးရွာတွင် သုတပျိုးခင်း စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် နံနက် ၁၁နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ ညောင်ကုန်းလေးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစံသိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်ဖြင့် ကျေးရွာမှ ပြည်သူများ လေ့လာဖတ်ရှုနိုင်စေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ်မျိုးစုံ ၇၅အုပ်လှူဒါန်းခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**



ပါဒကြီးငါးထပ်ဘုရား ရာပြည့်ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

ကျောက်တန်း မတ် ၁၀

ကျောက်တန်းမြို့နယ် ပါဒကြီးစံပြကျေးရွာရှိ ပါဒကြီးငါးထပ်ဘုရားကြီး**(ဝဲပုံ)** နှစ်(၁၀၀)ပြည့် (၁၂၆၈–၁၃၆၈)ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၈ခုနှစ် တန်ခူးလဆန်း ၅ရက်မှ လပြည့်ကျော် ၅ရက် (မတ် ၂၂ရက်မှ ဧပြီ ၆ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရှေးဦးစွာ ဓမ္မပူဇာတရားပွဲများ ကျင်းပမည်ဖြစ်ရာ မတ် ၂၂ရက်တွင် တိပိဋကဓရ အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ၂၃ရက်တွင် အရှင်ရေဝတ (ကြာနီကန်ဆရာတော်)၊ ၂၄ရက်တွင် အရှင်ဒေါက်တာ ကောဝိဒ(မဇ္ဈိမဂုဏ်ရည် ဆရာတော်)တို့က ဘုရားကြီးအာရုံခံတန်ဆောင်း၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားပြီး တန်ခူးလဆန်း၁၁ရက်မှ ၁၄ရက်အထိ သံဃာတော်အရှင်သူမြတ်၂၅ပါးတို့က မဟာပဋ္ဌာန်း ဒေသနာတော်များကို အသံမစဲရွတ်ဖတ်ပူဇော်ကြပြီး ဗုဒ္ဓပူဇာအဖြစ် တန်ခူးလပြည့်နေ့ နံနက်တွင် ပါဒကြီး ငါးထပ်ရုပ်ပွားတော်မြတ်ကြီးအား အနေကဇာတင်ခြင်းနှင့် အရုဏ်တက်ချိန်တွင် ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်ရာ သံဃပူဇာအဖြစ် တန်ခူးလပြည့်နေ့တွင် ပင့်သံဃာအပါး၁၀၀တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်ပြီး မွန်းလွဲ ၁နာရီတွင် ဆွမ်းဆန်စိမ်းနှင့် ငွေပဒေသာပင်များ လောင်းလှူကြမည်ဖြစ်သည်။

ပါဒကြီးငါးထပ်ဘုရား ရာပြည့်ပွဲတွင် လှူဒါန်းလိုသူများသည် ဂေါပကအဖွဲ့ရုံးဖုန်း–၀၅၆–၂၅၃၃၁နှင့် ပါဒကြီးပရိယတ္တိစာသင်တိုက် ဖုန်း–၀၅၆–၂၅၂၀၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၀၉)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံ မြောက်/အနောက်ရပ်ကွက် နိဗ္ဗာန်ကျောင်းလမ်းနှင့် တင့်ဆန်းလမ်းထောင့် အမှတ် ၉နေ (ဦးတင်ငြိမ်း)–ဒေါ်အေးမိ၊ သမီး မခင်မမငြိမ်း၊ သား မောင်အေးကိုကိုညိမ်း(ဆင်မင်း ဆပ်ပြာစက်)မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာ ဆရာတော်ဘဒ္ဒန္တ ဉာဏိန္ဒ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

အခြေခံမီးသတ်သင်တန်း တောင်ကြီးမြို့၌ဖွင့် သင်တန်းစည်းကမ်းများ ရှင်းလင်းဆွေးနွေး

တောင်ကြီး မတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အခြေခံမီးသတ်သင်တန်း အမှတ်စဉ်(၄/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို မတ် ၆ရက် ညနေ ၄နာရီခွဲက မြို့မဈေးကြီး၌ ကျင်းပရာ ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်မြင့် **(အောက်ပုံ)**နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာတို့က သင်တန်းဖွင့် အမှာစကား ပြောကြားကြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး အစီအစဉ်အရ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်စိုးက ဈေးများ မီးလောင်မှုဖြစ်ပွား၍ ဆုံးရှုံးမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး သင်တန်းကြီးကြပ်မှုကော်မတီက သင်တန်းစည်းကမ်းချက်များ ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

သင်တန်းကာလ

အဆိုပါသင်တန်းသို့ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးလေးဈေးရှိ ဈေးသူ ဈေးသားများ အင်အား ၅၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ရက် ကြာမြင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

တွံတေးရှင်ဗ္ဗဿက ဓမ္မကထိက ဗဟုဇနဟိတဓရ ဒဂုံမြို့သစ် (မြောက်ပိုင်း)က တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြသိန်းက လက်ခံယူစဉ်။ (၃၈၀)

Mould ဝယ်မည်

ပလတ်စတစ် Injection Mould အဟောင်း/အသစ်ဝယ်မည်။ **ဖုန်း–၂၁၀၂၅၀၊ ၇၀၃၁၀၆၊ ၇၀၁၅၃၈၊ ၂၁၀၂၅၁၊ ၇၀၃၁၀၈၊ ၇၀၀၁၂၂။**

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း
စက်ပစ္စည်းများအကြီးစားပြုပြင်မွမ်းမံရန်

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းလက်အောက်ရှိ သားရေစက်ရုံအတွက် အောက်ပါစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အကြီးစားပြုပြင်မွမ်းမံရန် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်။

(က)	Renovation of (Tanning & Limming) Drums	4 Set
(ခ)	Renovation of Fleshing m/c (ox/cow)	1 Set
(ဂ)	Renovation of Rolling m/c	1 Set
(ဃ)	Renovation of Forklift (2 Ton)	1 Set
(င)	G.C.B for 33/6.6 kv, 3000 k VA Sub-station	1 Set

၂။ တင်ဒါဝယ်ယူရမည့်နေရာ – အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် – ၂၃–၄–၂၀၀၇ရက်၊ ၁၃:၀၀နာရီ

မှတ်ချက်။ အသေးစိတ်အကြောင်းအရာများကို တယ်လီဖုန်းအမှတ် ၀၁–၅၆၀၆၈၄၊ ၀၆၇–၄၀၈၁၄၆ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်–၄၃ (သမိုင်း)၊ မြေကွက်အမှတ်–၁၀/ခ၁၁/A၊ ဧရိယာ ၀ ဒသမ ၁၁၂၅ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင်၊ အေဝမ်းခြံလမ်း၊ အမှတ် (၁၄၈–F)ဟု ခေါ်တွင်သော နေအိမ်တို့ကို မှတ်ပုံတင်စာချုပ် အဆက်ဆက်ဖြင့် တရားဝင်လက်ရှိ ပိုင်ဆိုင်ထားသူ ဦးမျိုးသန်းအောင် ၁၄/ပသန(နိုင်)၀၀၁၇၆၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးဇော်မြင့်(မြိတ်)နှင့်အဖွဲ့

ဦးဇော်မြင့်(မြိတ်)	**ဦးထွန်းသာမောင်**	**သင်းကြူစိုး**
B.A(Law), LL.B	**LL.B**	**LLB.,LL.M.**

တရားရုံးချုပ်ရှေ့နေများ
အမှတ် ၅၅၊ အခန်း ၂၃၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၃၇၂၈၀၄၊ ၀၉ ၅၀ ၀၈၄၄၅၊ ၀၉ ၅၀ ၁၆၃၅၂။

ဦးခင်မောင်အေး ၁၂/တမန(နိုင်)၀၁၃၇၈၃နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်း တာမွေမြို့နယ် မြေတိုင်းရပ်ကွက် ၃စီအန်၊ မြေကွက်အမှတ်(၅၂)သင်္ဂဟလမ်း အိမ်အမှတ်(၂၁)နေ ဦးခင်ဇော် ၁၂/တမန(နိုင်)၀၁၃၄၅၂သည် ကွယ်လွန်သူအဖ ဦးထွန်းတင်၊ အမိ ဒေါ်စောတို့၏ အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတည်းသောသား ဖြစ်ပါသည်။

ဦးခင်မောင်အေး ၁၂/တမန(နိုင်)၀၁၃၇၈၃မှ ၎င်း၏ဆန္ဒအရ ဇနီးဖြစ်သူ ဒေါ်ခင်သန်းဝင်း ၁၂/တမန(နိုင်)၀၁၃၇၇၄(ကွယ်လွန်)နှင့် ယောက်ဖဖြစ်သူ ဦးခင်မောင်တင့်၁၂/တမန(နိုင်) ၀၁၃၆၆၈(ကွယ်လွန်)တို့သည် ဦးထွန်းတင်၊ ဒေါ်စောတို့၏ သားသမီးအရင်းနှင့် ဦးခင်ဇော်၏ညီ၊ ညီမများဟူ၍၊ ဇနီးနှင့် ယောက်ဖတို့၏ နာရေးတွင်ကြေညာခြင်း၊ ဦးခင်ဇော်မှ ၎င်းပိုင်ဆိုင်နေထိုင်သည့် အထက်ပါ မြေကွက်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနတွင် မြေပုံကူးလျှောက်ထားခဲ့ရာတွင် ၎င်းတို့က အမွေဆိုင်ပါသည်ဟု ကန့်ကွက်ခြင်း၊ တရားရုံးတွင် လိမ်လည်ကျမ်းကျိန်ခြင်း၊ ဦးခင်ဇော်မှ ၎င်း၏အိမ်ငှားများသို့ အိမ်နှင်လိုမှုတွင်လည်း ၎င်း၏ မြေပုံကူးကန့်ကွက်လွှာ မိတ္တူများကို တာမွေမြို့နယ်တရားရုံးသို့၊အိမ်ငှားများသို့ ပေးကမ်းလျက် သက်သေခံအဖြစ် တင်သွင်းခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။ ဒေါ်ခင်သန်းဝင်းနှင့် ဦးခင်မောင်တင့်တို့မှာ ဦးမောင်မောင်၊ ဒေါ်အုံးခင်(ခ)ဒေါ်ပုစီတို့၏ သားသမီးများသာ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးခင်မောင်အေး၏ စည်ပင်ရုံးသို့ မမှန်မကန် လိမ်လည်ကျမ်းကျိန်လျက် ကန့်ကွက်ထားချက်များကို ယနေ့မှစ၍ ခုနစ်ရက်အတွင်း အမြန်ဆုံးပြန်လည်ရုပ်သိမ်းပေးရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်ဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသန်းမောင်B.Sc., R.L., D.B.L., D.M.L — **ဒေါ်ဝိုင်းသူဇာ LL.B., D.I.L**
တရားရုံးချုပ်ရှေ့နေနှင့် — **အထက်တန်းရှေ့နေ၊**
ဥပဒေအကြံပေး(စဉ်–၂၁၆၅)
အမှတ် ၅၀၊ ပထမထပ်၊ အခန်း(အေ–၁၇) ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၀၉–၅၁၃–၂၅၁၉။

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
တနင်္သာရီတိုင်းတရားရုံး–မြိတ်မြို့။
၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ်–၆
၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်–၁၉

ဒေါ်ပိုကြည် **နှင့်** ၁။ မတီတီရှိန်
၂။ မောင်ညီဆန်းအောင်

တရားနိုင်များ **တရားရှုံးများ**

မတီတီရှိန်၊ ဦးညီဆန်းအောင် ကမြောကင်းလမ်း ဥသရံရပ် ထားဝယ်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်–၁၉တွင် ကျရှိသည့် ဒီကရီ အတည်ဇာရီပြုလုပ်ရန် ဤရုံးတွင် ဒေါ်ပိုကြည်က လျှောက်သည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော် အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၀၇ခုနှစ် ဧပြီလ၉ရက် (၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက်နေ့) နံနက် ၁၀နာရီတွင် ရုံးရှေ့ လာရောက်စေ။

၂၀၀၇ခုနှစ် မတ် ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မောင်ကြီး
တိုင်းတရားသူကြီး။

ငပလီ ကမ်းခြေ အပန်းဖြေသူများနှင့်

ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့သာယာ ဈေးနှုန်းသက်သာစွာ တည်းခိုနိုင်စေရန် ငပလီကမ်းခြေနှင့် လေးမိုင်ခန့်သာဝေးသော သံတွဲမြို့လယ်တွင်–

"ရွှေနှင်းစံ"

အဆင့်မြင့် ဧည့်ရိပ်မွန်ကို

၄–၃–၂၀၀၇ရက်မှ စတင်၍ ဖွင့်လှစ်ခဲ့ပါပြီ။

အမှတ် ၁၅၊ မဟာဗန္ဓုလလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်၊ သံတွဲမြို့ ဖုန်း–၀၄၃–၆၅၂၈၇၊ ၆၅၁၁၄။

ဗန်းမော်ခရိုင် မိခင်နှင့်ရင်သွေး ကျန်းမာရေးရိပ်မြုံ စီမံချက်အတွက် အလှူငွေပေးအပ်ပွဲ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း တက်ရောက် ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ သိကောင်းစရာများ အကျယ်တဝင့် ရှင်းလင်းမှာကြား အသင်းသားဖွားခန်းနှင့် ခရိုင်၊ မြို့နယ်အသင်းရုံးဆောက်လုပ်မည့်နေရာ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဗန်းမော်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မိခင်နှင့်ရင်သွေး ကျန်းမာရေးရိပ်မြုံစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ အလှူငွေပေးအပ်ပွဲ ကို ယနေ့ ညနေ ၃ နာရီက ဗန်းမော်မြို့ သုနာပြုသင်တန်းကျောင်းခန်းမဦးကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ အတွင်းရေးမှူး ဒေါ်ဝေဝေသာ၊ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဗန်းမော်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းဝေက ခရိုင်၊ မြို့နယ် အသင်းခွဲဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး အသင်းဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေါ်ခင်ခင်ဝင်းက ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ သိကောင်းစရာများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဒေါ်ဝေဝေသာက မိခင်နှင့်ရင်သွေးကျန်းမာရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို ရှင်းလင်းပြောကြားပြီးနောက် ဗန်းမော်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မိခင်နှင့်ရင်သွေး ကျန်းမာရေးရိပ်မြုံ ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် သိန်း၅၀ ကိုပေးအပ်လှူဒါန်းရာ ဒေါ်နုနုဆွေက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပေးအပ်

ဆက်လက်၍ ဒေါက်တာ ဒေါ်ဝေဝေသာက ကျန်းမာရေးအသိပေး ပိုစတာကားချပ်များနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် စက်ဘီးနှစ်စီးကိုပေးအပ်ခဲ့ရာ ဗန်းမော်ခရိုင်အသင်းဥက္ကဋ္ဌနှင့် ပြည်နယ်ကျန်းမာရေးဦးစီးမှူးတို့က လက်ခံသည်။

စာမျက်နှာ ၅ ကော်လံ ၁ ■

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဗန်းမော်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ မိခင်နှင့်ရင်သွေး ကျန်းမာရေးရိပ်မြုံ စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ အလှူငွေပေးအပ်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

"အမျိုးသားရေးလိုအပ်ချက်များအရ သမိုင်းကြောင်းနှင့် ယှဉ်တွဲပြီး တပ်မတော်အစိုးရ ဘာကြောင့် ပေါ်ပေါက်လာရပါသလဲ"

အရေးအခင်းကာလမှာ ရိုးသားတဲ့ပြည်သူတွေ ဘယ်လောက်အထိ အရောင်ဆိုးခံခဲ့ရသလဲဆိုရင် ပထမပိုင်း ကြွေးကြော်သံက "ရရင်ရ–မရရင်ချ" ဆိုပြီး ကြွေးကြော်လာရာက နောက်ပိုင်း "ရရ–မရရ–ချ" ဆိုပြီး ဖြစ်ခဲ့တယ်။ အမှန်တကယ်ပြောရရင် ဒီမိုကရေစီရဲ့ အဓိပ္ပာယ်ကို လူတိုင်း နားမလည်ခဲ့ပါဘူး။ ဒီနေ့အထိလဲ ဒီမိုကရေစီရဲ့ အနှစ်သာရကို ဒီမိုကရေစီဘိုးအေလို့ ပါးစပ်က အမြှုပ်ထွက်အောင်အော်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေတောင် သူတို့ကိုယ်တိုင်သေချာစွာ နားလည်ခြင်း၊ ကျင့်သားရခြင်း မရှိသေးဘူးဆိုတာ ဝန်ခံရဲတဲ့သတ္တိ မမွေးနိုင်ကြသေးပါဘူး။

ရှေ့နေတစ်ဦး၏ ဆောင်းပါး (စာ – ၁၀)

NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ ပါတီတာဝန်များကို ဆက်လက်ဆောင်ရွက်လိုခြင်းမရှိ စစ်ကိုင်းမြို့နယ်မှ ပါတီဝင်ငါးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မတ် ၁၈

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်သော တောင်ရင်းကျေးရွာ ရပ်ကျေးစည်းရုံးရေးမှူး ဦးမော်တော်၊ ဦးအောင်သန်း၊ ဦးဝင်းဆွေ၊ ဒေါ်နွယ်နွယ်ဝင်းနှင့် ဒေါ်ချိုချိုဝင်းတို့ ငါးဦးသည် ဖေဖော်ဝါရီ ၂၂ရက်က ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

နုတ်ထွက်

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိတော့ကြောင်း၊ ပါတီတာဝန်များကို ဆက်လက်ဆောင်ရွက်လိုခြင်း မရှိသည့်အတွက် ပါတီဝင်အဖြစ်မှ ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**